မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝအန္တရာယ် ကာကွယ်ရေး လုပ်ငန်းစဉ်သုံးဆင့်ဖြင့် လေဘေးသင့်ဒေသများနှင့် ပြည်သူများကို နိုင်ငံတော်က စောင့်ရှောက်ကူညီပေးလျက်ရှိ

နေပြည်တော် မေ ၂၂

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ဆက်လက်သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၁ ရက်နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာရာ နံနက် ၉နာရီခွဲတွင် မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ကျွန်းဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

လူနာများအား ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံတွင် လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၃ ရက်)

လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးစည်ပင်ရေး ထူထောင်ရေးလုပ်ငန်းများ တက်ညီလက်ညီဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများဖြစ်သည့် ဒေးဒရဲ၊ ဖျာပုံ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များသို့ သွားရောက်ကြည့်ရှုပြီး ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လေဘေးသင့်ဒေသများရှိ မိဘမဲ့ကလေးများအတွက် မိဘမဲ့ကလေးများ သင်တန်းကျောင်းကို ဖျာပုံမြို့နှင့် လပွတ္တာမြို့များတွင် ထူထောင်ပေးရန်နှင့် လောလောဆယ်၌ စာရင်းကောက်ယူစုစည်းပြီး မအူပင်မြို့နှင့်မြောင်းမြမြို့များ၌ သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် ပြုစုစောင့်ရှောက်ထားရန် လမ်းညွှန်မှာကြားခဲ့သည်။

လေဘေးသင့်ပြည်သူများအတွက် လတ်တလောလိုအပ်ချက်ဖြစ်သည့် ဆန်၊ ရိက္ခာ၊ ယာယီအမိုးအကာ၊ ပလတ်စတစ်စနှင့် ဆေးဝါးစသည်များကို ဦးစားပေးစီမံဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ဒေသလိုအပ်ချက်နှင့်အညီ အချိန်မီရရှိရေးအတွက် ပုံမှန်ထောက်ပံ့ရေးလမ်းကြောင်းများ စီစဉ်ထားပြီး ဖြစ်သည်။

လေဘေးသင့်ဒေသများ၌ ဘုန်းတော်ကြီးကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်းများနှင့် အစိုးရရုံးများကို ပြန်လည်တည်ဆောက် မွမ်းမံလျက်ရှိသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဦးစားပေးအဆင့်လိုက် ဆက်လက်ဖော်ဆောင်လျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အလုံးအရင်းဖြင့် ရောက်ရှိလာနေပြီဖြစ်သည်။

ရေရှည် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ပင်လယ်ပိုင်းဒေသများအထိ လမ်းများဖောက်လုပ်ရာတွင် ဆက်သွယ်ရေးသာမက ရေဘေးခိုလှုံနိုင်သည့် လမ်းအမြင့်ရအောင် ဖောက်လုပ်သွားမည် ဖြစ်သည်။ အဆိုပါဒေသတွင် လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေ ပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားနှင့်အတူ ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များ၏ အားပေးကူညီမှုဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများ၌ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးသွားပါက အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာသည့် ဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသား လုပ်ငန်းရှင်များအပါအဝင် ပြည်သူများအားလုံးက နိုင်ငံတော်နှင့် ပူးပေါင်းကာ လုပ်ငန်းများဆောလျင်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လေဘေးသင့်ဒေသများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး စည်ပင်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၂၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာစား** (အပိုင်း-၂၁)

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် ခပေါင်းလမ်း ခပေါင်းအိမ်ရာ အမှတ် ၉/၃၀၂ နေ ဒုတိယ ဗိုလ်မှူးကြီး စိန်ဝင်း (ငြိမ်း)- ပါမောက္ခ ဒေါ်ခင်ခင်ဆွေ (စိတ်ပညာ-ငြိမ်း)တို့၏ နှစ်လေးဆယ်မြောက် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ်အမှတ်၁၆ စကားဝါလမ်း တိပိဋကဓမ္မနာဒ ရေတင်စက်တစ်လုံးအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို အနုနာယက ဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တီ=နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခုဒ္ဒကနိကာယ်ကျောင်းဆောင် ပြန်လည်ပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌာနိကာယ သာသနဒ္ဓဇမာန် ကျောင်းတိုက်ရှိ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ခုဒ္ဒကနိကာယ်ကျောင်းဆောင် ပြန်လည်ပြုပြင်ရန်အတွက် အမှတ်၈၅ မင်္ဂလာလမ်း စမ်းမြောက်ရပ်ကွက် စမ်းချောင်း မြို့နယ်နေ ဒေါ်အေးအေးလှမိသားစုက ငွေကျပ် တစ်သိန်း လာရောက်လှူဒါန်းရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်(ဖိုးကျော့)က လက်ခံယူသည်။(**အောက်ဝဲပုံ**)

ဆက်သွယ်လှူဒါန်းနိုင်

ခုဒ္ဒကနိကာယ်ကျောင်းဆောင်အတွက် ပါဝင်လှူဒါန်းလိုသော မူလအလှူရှင်များနှင့် အခြားအလှူရှင်များ အသင်းရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးရွှေအောင်-ဒေါ်ရွှေအုန်း၊ သမီး မမြစန္ဒာဝင်း၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စက်ရုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု ဝန်ကြီးဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် လေမုန်တိုင်းကြောင့် ပျက်စီးသွားသော စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေနှင့် စက်ရုံများ ပြန်လည်လည်ပတ် ထုတ်လုပ်နေမှု အခြေအနေများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် အုတ်ကျင်းမြို့နယ် ဘူတာရုံလမ်းရှိ မြန်မာ့စားသောက်ကုန် လုပ်ငန်း ခေါက်ဆွဲစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၂)ကြွေရည်သုတ်စက်ရုံ၊ ထီးစက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း မရမ်းကုန်း မျက်နှာသုတ်ပဝါစက်ရုံ(အမှတ်-၂၃)၊မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ရော်ဘာပစ္စည်းစက်ရုံနှင့် မရမ်းကုန်းမြို့နယ် သမိုင်းပေါ်တော်မူဘုရားလမ်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ အမှတ်(၂)တို့သို့ ရောက်ရှိပြီး အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည်ထုတ်လုပ်နိုင်ရေးကို တာဝန်ရှိသူ အဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာသင် ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် မေ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူများအား နှစ်ဦးပညာသင် ထောက်ပံ့ချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲ၂နာရီက အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်နွယ်နီစမ်း၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ကျောင်းသားကျောင်းသူ ၅၇၅ဦးအတွက် နှစ်ဦးပညာသင် ထောက်ပံ့ကြေး ငွေကျပ်၁၇၄၄၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ ထီးနှင့်ကျောင်းဝတ်စုံတို့အတွက် ငွေကျပ်၃၅၆၂၁၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၃၀၆၁၀၀ကို ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် Mother Trading Co., Ltd.မှ ဦးအောင်မြတ်က ငွေကျပ်၁၂သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင်၈၀၀ ပါဝင်လှူဒါန်းကြောင်း သိရသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်သင့်ပြည်သူများကျန်းမာရေးအတွက် ကာကွယ်ရေးနှင့်ကုသရေး ပါဝင်ဆောင်ရွက်ပေးကြသော နိုင်ငံများမှအစိုးရနှင့်ပြည်သူများကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်

နေပြည်တော် မေ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ ခုနှစ် မေ၂၂ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ် (၇)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၇)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အိမ်နီးချင်းနိုင်ငံများမှ ဆေးကုသရေးအဖွဲ့များကိုဖိတ်ခေါ်ခဲ့ရာ အိန္ဒိယသမ္မတနိုင်ငံမှ ၄၇ဦးပါဝင်သောဆေးအဖွဲ့သည် မေလ (၁၇)ရက်နေ့တွင်ရောက်ရှိပြီး ဖျာပုံနှင့်ဘိုကလေးဒေသများတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ၅၀ပါဝင်သော ဆေးအဖွဲ့သည် မေလ(၁၈)ရက်နေ့တွင်ရောက်ရှိပြီး ကွမ်းခြံကုန်းဒေသတွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ၃၀ပါဝင်သောဆေးအဖွဲ့သည် မေလ (၁၇)ရက်နေ့တွင် ရောက်ရှိပြီး မြောင်းမြနှင့် လပွတ္တာဒေသများတွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ၂၃ဦးပါဝင်သော ဆေးအဖွဲ့သည် မေလ (၁၈)ရက်နေ့တွင်ရောက်ရှိပြီး ကျောက်တန်းဒေသတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ၃၃ဦးပါဝင်သော ဆေးအဖွဲ့သည် မေလ (၂၁)ရက်နေ့တွင် ရောက်ရှိပြီး မအူပင်ဒေသတွင်လည်းကောင်း၊ စုစုပေါင်း (၅)နိုင်ငံမှ ဆေးအဖွဲ့အင်အား (၁၈၃)ဦးဖြင့် လေးဘေးဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေးအတွက် ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို စေတနာသဒ္ဓါတရားထက်သန်စွာ ကူညီဆောင်ရွက်လျက်ရှိကြပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ဆေးဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများမှ ဆေးပညာရှင်များ အင်အား(၂၀၂၉)ဦး၊ လုပ်ငန်းရှင်အဖွဲ့အသီးသီးမှ စေလွှတ်သောဆေးအဖွဲ့များ၊ ပုဂ္ဂလိကဆေးပညာရှင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် အခြားကျန်းမာရေးနှင့်ကယ်ဆယ်ရေးအဖွဲ့ဝင် (၃၆၀၀၀)ခန့်တို့သည် မုန်တိုင်းဖြစ်ပေါ်ပြီးနောက် မုန်တိုင်းဒဏ်ခံ ဒေသအနှံ့အပြားသို့ အလျင်အမြန်သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါအထက်ပါ အိမ်နီးချင်းနိုင်ငံများမှ ဆေးအဖွဲ့များက လာရောက်အားဖြည့်ပူးပေါင်းသဖြင့် ပိုမို၍ အင်ပြည့်အားပြည့် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့အတူ ပြည်တွင်း၊ ပြည်ပစေတနာရှင်များက လိုအပ်သောဆေးဝါးနှင့်အထောက်အကူပစ္စည်းများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အကျိုးရှိစွာအသုံးပြုလျက်ရှိပါသည်။

၄။ သို့ပါ၍ နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေးအတွက် ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများကို စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသော နိုင်ငံများမှ အစိုးရများနှင့်ပြည်သူများကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ - ၂၂-၅-၂၀၀၈ရက်။
နေရာ - နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၂၂

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့်တာဝန်ရှိသူများ၊ ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက္ခအဆောက်အအုံသို့သွားရောက်၍ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အလှူငွေများပေးအပ်

ယင်းနောက်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၂

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR မှ ပလတ်စတစ်စများ၊ စောင်များ၊ ခြင်ထောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်း ၁၇တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၇နာရီခွဲတွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ဆန်များ၊ ဆေးမျိုးစုံ၊ ရေသန့်ဘူးခွံများ၊ ရေသန့်စက်များ၊ စောင်များ၊ အစားအသောက်များ စုစုပေါင်း ၁၁တန်ကျော်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၁၈မိနစ်တွင်လည်းကောင်း၊ စပိန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တာပေါ်လင်များ စုစုပေါင်း ၁၅ တန်ကျော်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း၊ Save The Children မှ ပလတ်စတစ်စများ စုစုပေါင်း ၁၂ ဒသမ ၅တန်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၆မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ စောင်များ၊ ပလတ်စတစ်စများ၊ ရေဘူးများ၊ အထပ်သားများ၊ အသက်ကယ်လှေနှစ်စင်း၊ ကျန်းမာရေးသုံးပစ္စည်းများ စုစုပေါင်း ၂၃တန်ကျော်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ မိနစ် ၂၀၊ ၂နာရီ မိနစ် ၄၀၊ ၂နာရီ မိနစ် ၅၀နှင့် ၂နာရီ ၅၅ မိနစ်တို့တွင်လည်းကောင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ဒိန်းမတ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ ဆေးဝါးပစ္စည်းများ စုစုပေါင်း ၁ဒသမ ၅တန်သည်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးပစ္စည်းများ စုစုပေါင်း နှစ်တန်ကျော်သည်လည်းကောင်း၊ နယ်သာလန်နိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၀ဒသမ ၄၄၅ တန်ကျော်သည် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁ဒသမ ၆၂တန်သည်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ခရစ်ယာန်များအသင်းမှ ရေသန့်ဘူးများ စုစုပေါင်းသုံးတန်ကျော်သည်လည်းကောင်း၊ IFRC မှ ခြင်ထောင် ၂၂ပါကင် ၁ဒသမ ၅၆တန်သည် လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ လှူသုံးကုန်ပစ္စည်းများ ပါကင် ၁၁၀(၁ဒသမ၃၅)တန်သည် လည်းကောင်း မေ၂၁ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးရန် စုစည်းထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်၍ မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့သည် ကယ်ဆယ်ရေးစခန်း၌ ဆက်သွယ်ရေးစနစ် တပ်ဆင်ပေးထားမှု၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှု၊ ရွက်ဖျင်တဲများ၌ လေဘေးသင့်မိသားစုများအား စနစ်တကျနေရာချထားပေးမှုနှင့် ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အားပေးစကားပြောကြားသည်။

မော်လမြိုင်ကျွန်း

ထိုမှတစ်ဆင့် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့သည် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီးဦးကျော်သူနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိကြရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နယ်မြေခံတပ်ရင်းမွှာရုံ၌ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးနှင့် တည်ဆောက်ရေး၊ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက်မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့သည် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေပေးရန် စုစည်းထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့များသည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ည၆နာရီတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လေဘေးကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

လေဘေးကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့ နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ရှင်းလင်းပြောကြားသည့် အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များ၊ အလှူရှင်နိုင်ငံ၃၉ နိုင်ငံတို့မှ အလှူရှင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၂ဖွဲ့တို့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နာဂစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း စတင် ဖြစ်ပေါ်လာပုံ၊ တဖြည်းဖြည်း အားကောင်းလာပြီး မေ၁ရက်တွင် အချင်းဝက်မိုင် ၂၀၀ခန့်ရှိသော အားကောင်းသည့် မုန်တိုင်းကြီးအဖြစ် ရောက်ရှိ၍ လေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅မိုင်နှုန်း အထိမြင့်တက်လာပြီး ဟိုင်းကြီးကျွန်းမှ တစ်ဆင့် ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသများသို့ မေ ၂ရက် ညမှ စတင်၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် အသီးသီးတို့ကို ဖြတ်ကျော်ဝင်ရောက် တိုက်ခတ်ခဲ့ပုံများ၊ နာဂစ်ဆိုင်ကလုန်း မုန်တိုင်း ဖြတ်ကျော်တိုက်ခတ်ခံရသည့် ဒေသများဖြစ်သည့် ဟိုင်းကြီးကျွန်း၊ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်မြို့များနှင့် ရန်ကုန်တိုင်းရှိ မြို့နယ်၄၀တို့ မုန်တိုင်းဒဏ် ခံကြရပုံများ၊ မုန်တိုင်း တိုက်ခတ်သွားသော လမ်းကြောင်း တစ်လျှောက် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေထိုင်ကြသော ပြည်သူများသည်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှုများ၊ နိုင်ငံတော် အစိုးရအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း၏ အခြေအနေကို ဧပြီ၂၄ရက်မှ စတင်၍ ပြည်သူများအား သတင်းစာ၊ ရေဒီယို၊ရုပ်မြင်သံကြားတို့မှ သတိပေး ကြေညာခဲ့ပုံ၊ မေ ၂ရက်နှင့် ၃ရက်တို့ တွင် မုန်တိုင်း တိုက်ခတ်ပြီးသည်နှင့် အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြီး မေ ၃ရက် နံနက်ပိုင်းတွင် အရေးပေါ် အစည်းအဝေးကျင်းပခဲ့ပုံ၊ တာဝန်ရှိ ဝန်ကြီးများကို မုန်တိုင်းသင့်ဒေသများ သို့ ချက်ချင်းကွင်းဆင်း၍ ကယ်ဆယ် ရေးလုပ်ငန်းများ ကွပ်ကဲဆောင်ရွက် စေခဲ့ပုံ၊ မုန်တိုင်းဒဏ် ခံရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့် ဒေသများသို့ တပ်များ စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်စေခဲ့ပုံ၊ နိုင်ငံတော် ဝန်ကြီးချုပ် ကိုယ်တိုင် မေ ၄ရက်နှင့် ၅ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ မေ၆ရက်နှင့် ၇ရက်တို့တွင် ပုသိမ်မြို့၌လည်းကောင်း အခြေစိုက်၍ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက် ရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး ကြပ်မတ်ခဲ့ပုံ၊ ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများက မုန်တိုင်းသင့်ဒေသ များရှိပြည်သူများကို ကယ်ဆယ်ရေး၊ ကူညီ စောင့်ရှောက်ရေး၊ ဆေးဝါး ကုသမှုများ ကူညီဆောင်ရွက်ခဲ့ပုံများ၊ မုန်တိုင်းကြောင့် သေကျေဒဏ်ရာရရှိ သူများနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေ တို့ကို ဇယားကားချပ်များဖြင့် လည်း ကောင်း ရှင်းလင်းပြောကြားသည်။

ပြန်လည်ပေးဝေ

ဆက်လက်၍ ဝန်ကြီးဦးစိုးသာက ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက် ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်ခံရသော နယ်မြေများရှိ ပြည်သူများကို အသင့်စားသုံးကုန် ပစ္စည်းများ၊ သောက်ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများ၊ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများကို ရဟတ် ယာဉ်များ အသုံးပြု၍ ဖြန့်ဖြူးပေးပုံ၊ မုန်တိုင်းဒဏ်သင့် ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင် ရွက်ပုံ၊ ကယ်ဆယ်ရေးစခန်း ၄၁၉ခု ဖွင့်လှစ်ထားရှိပုံ၊ ရန်ကုန်မြို့တွင် ယခု အခါ လျှပ်စစ်ဓာတ်အား သုံးစွဲအား၏ ၅၉ဒသမ၆၃ ရာခိုင်နှုန်း ပြန်လည် ဖြန့်ဖြူးပေးနိုင်ပုံ၊ ဆက်သွယ်ရေးလိုင်း ပေါင်း ၁၅၀၀၀၀ကျော်ရှိသည့်အနက် ၇၆ဒသမ၂၈ ရာခိုင်နှုန်း ပြန်လည် ဆက်သွယ်မှုရရှိစေခဲ့ပုံ၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေး ကော်မတီ က မူလရေပေးဝေမှု၏ ၈၈ဒသမ၅ ရာခိုင်နှုန်းကို ပြန်လည်ပေးဝေနိုင်မှု တို့ကို ရှင်းလင်းပြောကြားသည်။

ကြိုတင်စီမံ

ထို့နောက် ဝန်ကြီး ဦးစိုးသာက မုန်တိုင်းသင့်ပြည်သူများကို ပြည်တွင်း ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ ရှင်များက ကူညီထောက်ပံ့မှုများ ပေးလျက်ရှိရာ ၂၀၀၈ခုနှစ် ၁၆ရက် အထိ ငွေသားနှင့် ကယ်ဆယ်ရေး ပစ္စည်း စုစုပေါင်း ၇ဒသမ၃၇၈ ဘီလီယံ၊ အလားတူ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ INGO များနှင့် နိုင်ငံ အသီးသီးတို့မှ မေ ၁၉ရက်အထိ ကယ်ဆယ်ရေးပစ္စည်း ၂၉၆၀ဒသမ၃၁ တန်တို့ကို လက်ခံရရှိခဲ့ပုံ၊ အဆိုပါ အပြည်ပြည်ဆိုင်ရာမှ ပံ့ပိုးပေးသော ကယ်ဆယ်ရေးပစ္စည်းများကို ရှေ့တန်း စခန်းများမှတစ်ဆင့် အရေးပေါ် လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်း များကို နေ့စဉ် ရဟတ်ယာဉ်များဖြင့် ဖြန့်ဝေပေးပုံ၊ မုန်တိုင်းသင့်ပြည်သူ များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရန် ဆေးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းစေလွှတ်၍ ဒေသခံ ကျန်းမာ ရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိပုံ၊ အိမ်နီးချင်းနိုင်ငံများမှ ဆေးဝန်ထမ်းအဖွဲ့များနှင့် ဝန်ထမ်း အဖွဲ့ အချို့သည်လည်း ဒေသခံ ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာ ရေးဆိုင်ရာ စောင့်ရှောက်ကုသမှုများ ဆောင်ရွက်လျက်ရှိပုံ၊ ပြန်လည် ထူထောင်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြန်လည် ဖြည့်ဆည်းပေးရေးဆိုင်ရာ အစီအမံ များ၊ လေဘေးသင့်ပြည်သူများကို ပြန်လည်ထူထောင်ပေးရေးအတွက် နိုင်ငံတော်အနေဖြင့် ကဏ္ဍအလိုက် သုံးစွဲရန်လိုအပ်မည့် ငွေကြေးပမာဏ နှင့် နောင်တွင် သဘာဝဘေးအန္တရာယ် ကျရောက်ပါလျှင် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် ကြိုတင် ဆောင်ရွက်ရန် စီမံချက်လုပ်ငန်းများ ကို အကျယ်တဝင့် ရှင်းလင်းပြောကြား သည်။

ယင်းနောက် တက်ရောက်လာ ကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့က ပြန်လည်ဖြေကြား ကြပြီး ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပြောကြား သည့် အခမ်းအနားသို့ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ အလှူ ရှင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၅၈ဦးနှင့် သက်ဆိုင်ရာဌာနအသီးသီး တို့မှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ အလှူ ရှင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များသည် မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း လှိုင် သာယာမြို့နယ်ရှိ အတွင်းပဒံ ကယ် ဆယ်ရေးစခန်းနှင့် ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ် ၁၆ရပ်ကွက်မောင်းမကန် ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်း တို့ကို သွားရောက်ကြည့်ရှု လေ့လာကြ သည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ရန်ကုန်တိုင်း လှိုင်သာယာ မြို့နယ်ရှိ အတွင်းပဒံ ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောသစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့တွင်း၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သစ်ပင်များကို တပ်မတော်သားများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက အပြီးသတ်ရှင်းလင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင်လမ်းဆုံ၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းဆုံတို့၌ တပ်မတော်သားများက သစ်ပင်များ လဲပြိုနေမှုအား ရှင်းလင်းနေမှုကိုလည်းကောင်း၊ ရေမြောင်းများ ရေစီးကောင်းမွန်စေရန် အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြန်လည်ထူထောင်လိုပါက ရှင်သန်နိုင်သော သစ်ပင်များကို ပြန်လည်ထူထောင်တည့်မတ်သွားရေး၊ အမှိုက်သရိုက်ရှင်းလင်းမှုများကို မေလကုန်နောက်ဆုံးထား၍ အပြီးသတ် ရှင်းလင်းရေး၊ ပြည်သူများအား ယခင်အတိုင်း အမှိုက်ပုံးများ၌ စနစ်တကျစုပုံစေရန် အသိပညာပေး ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်နှင့် ဒဂုံမြို့နယ်တို့အတွင်းရှိ လမ်းမကြီးများ၌ လမ်းဘေး ဝဲယာတွင် ပြိုလဲနေသော သစ်ပင်များ အပြီးသတ်ရှင်းလင်းထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ပြည်လမ်း အမျိုးသားပြတိုက်ရှေ့၌ နယ်မြေခံတပ်မတော်သားများက အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ကြိုတင်ဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဟံသာဝတီအဝိုင်းအနီး၌ အမှိုက်သယ်ယာဉ်များဖြင့် သယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ရေထွက်ပေါက်များ ပိတ်ဆို့နေမှုအား ဖယ်ရှားနေမှုကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးဦးကာလ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်နှင့် ကမ္ဘာအေးစေတီလမ်းတစ်လျှောက်တို့၌ လဲပြိုနေသော သစ်ပင်များအား အပြီးသတ် ရှင်းလင်းဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သစ်ပင်များအား တပ်မတော်သားများက ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အလှူရှင် ဦးစိုးသိန်း(သီရိသုဓမ္မမဏိဇောတဓရ)-ဒေါ်ခင်ချိုအုန်း(သီရိသုဓမ္မသိင်္ဂီ)မိသားစုတို့က သက်န်းနှင့် သပိတ်များ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဖြန့်ဝေလှူဒါန်း

Pinya Manufacturing Co., Ltd. မက်(စ်)အချိုရည် မိသားစုက ဧရာဝတီတိုင်း ဒေးဒရဲမြို့ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ ဒေသခံပြည်သူများအတွက် သင်္ကန်း၊ ဆန်၊ သောက်ရေသန့်၊ အားဖြည့်အချိုရည်များ၊ ဖယောင်းတိုင်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဝန်ထမ်းများကိုယ်တိုင် မေ ၁၈ရက်က လက်ရောက်လှူဒါန်းစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် ထိုင်းဘုရင့်တပ်မတော်က ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၂

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထိုင်းဘုရင့်တပ်မတော်က လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၁ရက် နံနက် ၁၀နာရီတွင် မြဝတီမြို့ မိချောင်းကုန်း ဘုန်းကြီးကျောင်းရှိ လေဘေးပစ္စည်း လက်ခံရေးစခန်း၌ကျင်းပရာ ထိုင်းဘုရင့်တပ်မတော်မှ ဗိုလ်မှူးကြီးပထုံထက်ပထုံထောက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ထိုင်းဘုရင့်တပ်မတော် ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး စူရပ်ဝုန်လာလတ်က အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် လှူဒါန်းပစ္စည်းစာရင်းနှင့် ထောက်ပံ့ပစ္စည်းများကို ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က လွှဲပြောင်းပေးအပ်ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်နိုင်က လက်ခံကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လှူဒါန်းပစ္စည်းများကို ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးပြီး လှူဒါန်းသည့် ပစ္စည်းတန်ဖိုးမှာ ဘတ်ငွေသန်း ၄၀ခန့်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၅-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဇွန်လအတွက်

(၈-၆-၂၀၀၈)ရက်နေ့

နှင့်

(၂၉-၆-၂၀၀၈)ရက်နေ့

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

(၂၀၀၈ ခုနှစ် မေ ၂၂ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉း၃၀နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်။ ။လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၂.၅၆လက်မ၊ သထုံမြို့တွင် ၁.၃၄လက်မ ၊ ကန့်ဘလူမြို့တွင် ၁.၂၉လက်မနှင့် ပူတာအိုမြို့တွင် ၁.၂၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိနေမည်။

၂၀၀၈ခုနှစ် မေလ(၂၃)ရက် ညနေအထိခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၃ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၃ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၃ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၂.၁)ဒီဂရီ စင်တီဂရိတ် ၉၀ ဒီဂရီ ဖာရင်ဟိုက်	၂၁-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	(၂၄.၀)ဒီဂရီစင်တီဂရိတ် ၇၅ ဒီဂရီဖာရင်ဟိုက်	၂၂-၅-၂၀၀၈
၀၉း၃၀ နာရီအချိန်စိုထိုင်းဆ	၈၅ ရာခိုင်နှုန်း	၂၂-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၃.၈နာရီခန့်	၂၁-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၅-၂၀၀၈	မရှိပါ	၁ မမ(၀.၀၄ လက်မ)	မရှိပါ
၁-၁-၂၀၀၈မှယနေ့အထိ	၇၀၅မမ(၂၇.၇၆ လက်မ)	၈၁၂ မမ(၃၁.၉၇ လက်မ)	၈၈၃ မမ (၃၄. ၇၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၂ရက် ၇နာရီခွဲတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၄မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

(မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန)

မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပကုမ္ပဏီများက လှူဒါန်းသော အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၂

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ပြည်တွင်း၊ ပြည်ပ ဆက်စပ်ကုမ္ပဏီများက မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ထင်အောင်ကျော်တို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက အလှူငွေကျပ်သိန်း ၅၀၀၀နှင့် အလှူပစ္စည်းတန်ဖိုးငွေကျပ် ၁၂၁၂၆၅၉၀၀ ရှိ ပလတ်စတစ်မိုးကာစများနှင့် ဆေးထိုးအပ်များ၊ Tyazhpromexport Co., Ltd. က အမေရိကန်ဒေါ်လာ နှစ်သိန်းငါးသောင်း၊ Dariela Corporation က အမေရိကန်ဒေါ်လာ ၁၂၅၀၀၀၊ Italian-Thai Corporation နှင့် Daewoo International Corporation တို့က အမေရိကန် ဒေါ်လာ တစ်သိန်းစီ၊ Myanmar Hyosing Corporation မှ SK Network Corporation က အမေရိကန် ဒေါ်လာ တစ်သိန်းနှင့် Hyosung Singapore pte Ltd. က အမေရိကန် ဒေါ်လာ တစ်သောင်း၊ Kawasaki Plant Stems Ltd. က ဂျပန်ယမ်းငွေ သိန်း ၅၀၊ Sinaran Corporation က ယူရို ၂၀၀၀၊ ဒဂုံဝင်းဝင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၅၀၊ ငွေဆင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း၁၀၀၊ Grade Nine Co.,Ltd. က ငွေကျပ် ၇၅သိန်း၊ ပင်းပင်းကုမ္ပဏီက ငွေကျပ် သိန်း ၅၀၊ Myanmar Tractors Ltd.၊YMCC Yunam နှင့် K-Y Kyaw Kyaw Co.,Ltd. တို့က ငွေကျပ်သိန်း ၃၀စီ၊ Zuri Co.,Ltd.၊ Moon Ray Co., Ltd. နှင့် VSV Asia Co.,Ltd. တို့က ငွေကျပ်သိန်း ၂၀စီ၊ Superium Interprise ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ JFE ကုမ္ပဏီ(ရန်ကုန်ရုံးခွဲ)က ငွေကျပ် ၁၂သိန်း၊ Marubeni Co.,Ltd. (ရန်ကုန်ရုံးခွဲ)က ငွေကျပ် ၁၁၂၈၀၀၀၊ Sojit ကုမ္ပဏီ(ရန်ကုန်ရုံးခွဲ) က ငွေကျပ် ၁၁သိန်း၊ Polyice ကုမ္ပဏီ၊ GMT ကုမ္ပဏီ၊ Golden Star ကုမ္ပဏီ၊ သံလွင်ကုမ္ပဏီ၊ ဦးစိန်အေးကုမ္ပဏီ၊ PEG ကုမ္ပဏီ၊ မြန်မာကိုင်ဒိုကုမ္ပဏီ၊ Diethelm Co.,Ltd. နှင့် MCM တို့က ငွေကျပ် ၁၀သိန်းစီ၊ ဇွန်မိုးစက်ကုမ္ပဏီ၊ Chem Tech ကုမ္ပဏီနှင့် IE Petroleum Products Co.,Ltd. တို့က ငွေကျပ် ငါးသိန်းစီ၊ ဓနမြေကုမ္ပဏီ၊ Flying Sun Moon ကုမ္ပဏီနှင့် Tractors World ကုမ္ပဏီတို့က ငွေကျပ် သုံးသိန်းစီနှင့် ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (KSS)က ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ ဆန်အိတ်၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ယခုကဲ့သို့ အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများကို လာရောက်လှူဒါန်းကြခြင်းအတွက် မုန်တိုင်းဒဏ်သင့် ပြည်သူများအား ပိုမိုကူညီထောက်ပံ့ပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် လေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းတို့ကို ပြောကြားသည်။

(သတင်းစဉ်)

မေ ၂၂ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားရေးသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒီသာပါမောက္ခ အဆောက်အအုံ၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။(သတင်းစဉ်)

သင့် သွေးဖြင့် အသက်ကယ်ပါ

ဟိုင်းကြီးကျွန်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပုဂ္ဂလိက ကုမ္ပဏီများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၂

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းရှိ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာရှဏဦးကုမ္ပဏီ၊ FMI Co.,၊ ရွှေသံလွင်ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီနှင့် တက်လမ်းကုမ္ပဏီတို့ ပူးပေါင်း၍ Cape Negrais Committee ဖွဲ့စည်းပြီး ရန်ကုန်မြို့ ဂရင်း မီးရထားဟိုတယ် အခန်းအမှတ်(၃၀၉)တွင် ပင်မရုံးခန်းဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သွားရောက်ကုသ

Cape Negrais Committee သည် INGOs မှ လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးခြင်းနှင့် ယာယီတဲ (Shelter Tents)များ၊ ရေတိမ်ပိုင်း မြစ်ချောင်းများအတွင်း သွားလာနိုင်သည့် အင်ဂျင်တပ်မော်တော်ဘုတ်၊ အလူမီနီယံဘုတ်များ ပေးပို့ခြင်း၊ INGOs ကုသရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များရှိ ဆရာဝန်၊ ဆေးဝန်ထမ်းအကူများ၊ ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ ပြည်တွင်းကုသရေး အဖွဲ့များနှင့် ပူးတွဲ၍ နည်းပညာသင်တန်းပေးပြီး ရန်ကုန်-ပုသိမ် ကားလမ်းမှတစ်ဆင့် ဟိုင်းကြီးကျွန်း၊ ငပုတော၊ အလယ်ကျွန်း၊ သင်္ကန်းကုန်း၊ မကျည်းပင်၊ ကျုံးကူး စသည့် လေဘေးသင့်ဒေသများသို့ သွားရောက်ကုသနိုင်ရန် ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အားသွန်ခွန်စိုက်

ယင်းသို့ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းကြီးတစ်ခုဖြစ်သည့် အသက်ရှင်ကျန်ရစ်သူများ ဆက်လက်အသက်ရှင်နိုင်ရန် လိုအပ်သော ဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် ပန်းလှိုင်နိုင်ငံတကာဆေးရုံနှင့် Save the Children အဖွဲ့အစည်းတို့မှ ဆရာဝန်များနှင့် သူနာပြုများ ပူးပေါင်းလျက် Mobile team အနေဖြင့် နိုင်ငံတော်ပိုင် ပန်းတောရေယာဉ်ကို အရေးပေါ်ကုသရေးရေယာဉ်အဖြစ် အသွင်ပြောင်းပြီး ငပုတောတွင် အခြေစိုက်၍ ကုသမှုပြုလုပ်ရေးကို စီစဉ်ဆောင်ရွက်နေသည့်အပြင် သင်္ကန်းကုန်းတွင် ယာယီ လူ၈၀ ဆံ့ Prefabricated အဆောက်အအုံနှင့် Shelter Tents အိမ်ငယ်များ ဆောက်လုပ်ပြီး လေဘေးသင့်ပြည်သူများကို ကုသပေးလျက်ရှိကြောင်း၊ လေဘေးသင့်ပြည်သူများ နေထိုင်ရေးနှင့် စားသောက်ရေးအတွက် သောက်သုံးရေများ၊ ဆန်၊ ဆီ၊ ဆားနှင့် အသင့်စားအစားအစာများ၊ ချက်ပြုတ်ရန် အိုးခွက်ပန်းကန်များ၊ ပလတ်စတစ်စများ၊ အဝတ်အစားများကို ထပ်မံပံ့ပိုးပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် လေဘေးသင့်ဒုက္ခသည်များ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပျက်စီးသွားသော အိုးအိမ်၊ အဆောက်အအုံများ ပြုပြင်ဆောက်လုပ်နိုင်ရန် အမိုးသွပ်ပြား၊ သံ၊ သစ်အစရှိသည်များကို ဟိုင်းကြီးကျွန်းဒေသသို့ ကားလမ်း၊ ရေလမ်းတို့ဖြင့် ပေးပို့ကာ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆက်သွယ်ရေးရုံး၊ ဘာသာရေးအဆောက်အအုံ၊ လူနေအဆောက်အအုံများကို ဦးစားပေးအစီအစဉ်ဖြင့် ပြန်လည်ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ဇွန်၂ရက်အမီ ကျောင်းများဖွင့်လှစ်နိုင်ရန် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှမ်းကို မျှတစွာ နေ့စဉ်စားသုံးလျှင် အမျိုးသမီးများ ကျန်းမာရေးကောင်းမွန်နိုင်

ဆီထွက်သီးနှံများ၌ နှမ်းသည် လူ့ကျန်းမာရေးကို လွန်စွာအထောက်အကူပြုသော သီးနှံဖြစ်သည်။ နှမ်းကို လွန်ခဲ့သော ဘီစီ ၁၆၀၀ ခန့်မှ စတင်ကာ လူတို့စားသုံးခဲ့ကြသည်ဟု ဆိုသည်။ နှမ်းအများဆုံးထွက်သောလများမှာ နှစ်စဉ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများဖြစ်ပြီး တစ်နှစ်ပတ်လုံး သိုလှောင်သိမ်းဆည်းထားနိုင်သည်။

နှမ်းတွင်ပါဝင်သော ဓာတ်ပစ္စည်းများမှာ ကော့ပါး၊ မင်းဂနီးစ်၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဖော့စပရပ်စ်၊ သွပ်ဓာတ်၊ ဗီတာမင် ဘီ ၁၊ အမျှင်ဓာတ်နှင့် ကယ်လိုရီတို့ ပါဝင်သည်။ အများဆုံးပါဝင်သည့် ဓာတ်များမှာ ကော့ပါး ၇၄ရာခိုင်နှုန်း၊ မင်းဂနီးစ် ၄၅ရာခိုင်နှုန်း၊ ကယ်လ်ဆီယမ် ၃၅ရာခိုင်နှုန်းတို့ ဖြစ်သည်။

အကာအကွယ်ပေးနိုင်

နှမ်းကို ဆီအဖြစ်နှင့် ဖြစ်စေ၊ နှမ်းပျစ်၊ နှမ်းလုံး စသည့် မုန့်အဖြစ်နှင့်ဖြစ်စေ နေ့စဉ်စားသုံးသွားပါက သွေးတိုးရောဂါဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်သည်။ ထို့အပြင် အသည်းရောဂါများ ဖြစ်ပွားမှုကိုလည်း လျော့ပါးကျဆင်းနိုင်သည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ဖြစ်ပွားမှုလျော့နည်း

နှမ်းကို နေ့စဉ်သင့်တင့်မျှတစွာ စားသုံးသွားပါက ပန်းနာရောဂါ၊ နှလုံးရောဂါတို့ ဖြစ်ပွားမှုလျော့နည်းစေပြီး အထူးသဖြင့် အမျိုးသမီးများ သွေးလေညီညွတ်ပြီး အမျိုးသမီးရောဂါများ ဖြစ်ပွားမှုလျော့နည်းစေကြောင်း ၄င်းတို့က ပြောကြားသည်။



မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

တရုတ်ငလျင်ကြောင့် သေဆုံးသူ ၇၀၀၀၀ ကျော်ရှိလာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်

ချန်ဒူ မေ ၂၂

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မေ ၁၂ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေမှာ မေ ၂၂ရက်အထိ ၇၀၀၀၀ကျော်ရှိလာပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆောက်အအုံ အပျက်အစီးများအောက်၌ ပိတ်မိနေသူများစွာရှိနေဆဲဖြစ်ကြောင်း၊ ယခုအချိန်အထိ အပျက်အစီးများအောက်မှ အသက်ရှင်လျက်ရှိနေသူများကို ကယ်တင်နေဆဲဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်

ကယ်ဆယ်ရေးအဖွဲ့များ၏ စာရင်းများအရ ပျောက်ဆုံးနေသူများမှာ စုစုပေါင်း ၃၂၀၀၀ ခန့်ရှိနေဆဲဖြစ်သည်ဟု ဖော်ပြသည်။ ယခုအခါ မိုးများသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အပျက်အစီးများအောက်မှ အသက်ရှင်နေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်များ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများ လက်ရောက်လှူဒါန်း

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ လေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ကော့မှူးမြို့နယ် လက်ခိုက်ဗဟိုကယ်ဆယ်ရေးစခန်းသို့ မွန်းလွဲ၂နာရီခွဲတွင် ရောက်ရှိကြသည်။

တက်ရောက်ပေးအပ်

ထို့နောက် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များက အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်ဗိုလ်မှူးပြည်အောင်-ဒေါ်နန္ဒာအေး၊ သမီးများဖြစ်ကြသော မရှင်အေးမြအောင်နှင့် မဖူးဖူးမိသားစုတို့က စုပေါင်းလှူဒါန်းသည့် ထမင်း၊ ငပိထောင်း၊ အမျိုးသားဝတ်နှင့် အမျိုးသမီးဝတ်လုံချည်များ၊ စောင်၊ တီရှပ်၊ ဘောင်းဘီ၊ ဇလုံ၊ ပန်းကန်ပြား၊ ဇွန်း၊ ရေသန့်ဘူးများနှင့် အလှူငွေကျပ် ငါးသိန်းတို့ကို လေဘေးသင့် အိမ်ထောင်စု ၁၅၆စုတို့အား လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ မိနစ် ၂၀တွင် ကွမ်းခြံကုန်းမြို့ အားကစားကွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့် အိမ်ထောင်စု ၃၃စုတို့အား ဗိုလ်မှူးပြည်အောင်နှင့် ဒေါ်နန္ဒာအေး မိသားစု လှူဒါန်းသည့် ထမင်း၊ ငပိထောင်း၊ အမျိုးသားဝတ်နှင့် အမျိုးသမီးဝတ်လုံချည်များ၊ စောင်၊ တီရှပ်၊ ဘောင်းဘီ၊ ဇလုံ၊ ပန်းကန်ပြား၊ ဇွန်း၊ ရေသန့်ဘူးများနှင့် အလှူငွေကျပ် ငါးသိန်းတို့ကို လက်ရောက် ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် အနီးနှင့်နို့မှုန့်များကို လှူဒါန်းကြသည်။

ခြင်ထောင်များလှူဒါန်း

ထို့နောက်ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ခြင်ထောင်များကို လက်ရောက်ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာယာရွန်မေယာအား ခန့်အပ်ရန်အစ္စရေးနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာယာရွန်မေယာသည် ၁၉၅၉ခုနှစ် စက်တင်ဘာ ၉ရက်တွင် အစ္စရေးနိုင်ငံ၌ မွေးဖွားခဲ့သည်။ ဟိုင်ဖာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာဖြင့် ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူးတန်း) ရရှိခဲ့သည်။ ၁၉၇၈ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ အစ္စရေးတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၂ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ Ein-Hashofet ကစ်ဘုဇ်စုပေါင်းလယ်ယာတွင် လုပ်ကိုင်ခဲ့သည်။ ထို့နောက် ဟိုင်ဖာတက္ကသိုလ်တွင် ၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဆရာအဖြစ် ခေတ္တတာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ယာရွန်မေယာသည် ၁၉၉၃ခုနှစ်မှ စတင်၍ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ဟန်ဂေရီသမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများရှိ အစ္စရေးနိုင်ငံသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာယာရွန်မေယာသည် ဒုတိယညွှန်ကြားရေးမှူးအဆင့်ဖြင့် အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဌာန၊ အရှေ့တောင်အာရှဌာနခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၂

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့လာရောက် လှူဒါန်းသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေမှ လက်ခံသည်။

ယနေ့ လှူဒါန်းကြသော အလှူရှင်များမှာ ဦးစစ်ဟန် ပုဇွန်တောင်မြို့နယ်က ငွေကျပ်တစ်သောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ ၁၆ခုက ငွေကျပ် ၆၅၅ သိန်း၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သုံးသိန်း၊မောင်ချစ်ကိုစိုးနှင့် မဝတ်ရည်ထွန်း (မင်္ဂလာဦး အလှူငွေ ၁၁၁၁၁၁ ကျပ်)၊ ဗိုလ်ချုပ်သန်းဆွေနှင့် ဒေါ်နွဲ့နွဲ့ဝင်း မိသားစုက ငွေကျပ် ၁၀ သိန်း၊ မွန်းလိုက်မြူစစ်ကယ် ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်ကောင်းတုံ ကွမ်ရင်ဘုရားကျောင်းက ငွေကျပ် သိန်း၁၀၀၊ မူတိုင်ဘုရားကျောင်းက ငွေကျပ် သိန်း၅၀၊ ဦးဝင်းမော်နှင့် ဒေါ်ခင်ခင်လေး၊ သမီး ခင်လင်းမော်နှင့် Forver Group Co., Ltd. ဝန်ထမ်းမိသားစုက ငွေကျပ်၁၂သိန်း ဗိုလ်မှူးသက်ဦး (ငြိမ်း) နှင့်ဒေါ်စောလှမူ မိသားစုကငွေကျပ်တစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ငွေကျပ် ၇၆၀၀၀၊ ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ငွေကျပ်ခြောက်သောင်း၊ ရခိုင်ပြည်နယ် စေတနာရှင်တစ်ဦးက ငွေကျပ်ငါးသောင်း၊ ဦးတင်စိုးအား ရည်စူး၍ သမီး သင်းရနံ့နှင့် မိသားစု (ဟသ်ာတမြို့)က ငွေကျပ်တစ်သောင်း၊ ကွယ်လွန်သူ နှစ်ဖက်မိဘ၊ ဆွေမျိုးများနှင့် ခင်ပွန်း ဦးတင်ကြည် (ပုလဲကုမ္ပဏီ)အား ရည်စူး၍ ဒေါ်ခင်ဦးဆွေ (ဗီယက်နမ်နိုင်ငံ) က ငွေကျပ်တစ်သောင်း၊ မိဘများအား ရည်စူး၍ ဦးမြင့်သိန်းနှင့် ဒေါ်ခင်သန်းမြင့် မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ဦးကြီးစိန်နှင့် ဒေါ်ကြည်လှ(မြတံခွန်မိသားစု၊ မြတံခွန်ရေခဲသေတ္တာနှင့် လေအေးစက်ပြုပြင်ရောင်းဝယ်ရေး)က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဒေါ်ခင်နွယ်နွယ်မိသားစုက ငွေကျပ်ငါးသိန်း၊ မနွေနှောင်းက ငွေကျပ်ငါးသောင်း၊ “ကရုဏာ” နာမှုကူညီရေးအသင်းက ငွေကျပ်သုံးသိန်းသုံးသောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးရုံးနှင့် လက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ လှူဒါန်းငွေကျပ် ၂၈၅၀၀၀၀ ကမ္ဘောဒီးယားနိုင်ငံအရောက် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများက အမေရိကန် ဒေါ်လာ ၁၀၂၅ နှင့် The Royal Government of Cambodia က အမေရိကန်ဒေါ်လာ ငါးသောင်းတို့ဖြစ်ပြီး လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၈၇၅၆၇၁၁၁နှင့် အမေရိကန်ဒေါ်လာ ၅၁၀၂၅တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၂

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ နေပြည်တော်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၆၉၇၂၁၀၀နှင့် ငွေကျပ် ၁၆၈၄၃၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၄၀၁၁၃၆၆၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၄၁၉၀၀နှင့် ငွေကျပ် ၁၀၇၇၃၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၄၇၂၅၄၀ နှင့် ငွေကျပ် ၃၁၈၃၉၂၅၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၀၈၆၅၇၇၀နှင့် ငွေကျပ် ၃၁၈၉၃၆၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၄၃၁၇၄၀၀ တန်ဖိုးရှိ ထောက်ပံ့ရေး ပစ္စည်းများ၊ ပဲခူးတိုင်းမှ တပ်မတော်သား မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၆၉၅၉၅၂၅၀၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၄၈၀၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၂၀၆၇၁၁၁ အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၂၇၆၆၉၇၂၈၇ဖြစ်ပြီး မေ ၂၂ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၅၃၂၅၆၃၄၉၃ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ် ၈၁ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၂

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ် ၈၁ ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကမ်းတင်ရေယာဉ် ၂၉ စင်းအနက် ၁၅ စင်းရေပြန်ချပြီ၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ်မြုပ်သော သင်္ဘောများနေရာ၌ ပြန်လည်အားဖြည့် ပြေးဆွဲပေးမည်၊ အပူပိုင်းဒေသတွင်ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းများက ပျက်စီးဆုံးရှုံးမှုပမာဏ အများဆုံးဖြစ်စေသည်ဟုဆို၊ သဘာဝအနုပညာမိသားစုမှ သရုပ်ဆောင်ပြေဇင်နှင့် စကားပြောခြင်း၊ ဂုဏ်ရည်မတူ(၄)၊ လမ်းပေါ်က အတွေးများ (၁၃) နမော်နမဲ့နိုင်သူနှင့် ထီမထင်သူများ၊ သိင်္ဂုတ္တရကုန်းတော်နဲ့ ဓမ္မရက္ခိတကုန်းတော်အကြားက ဦးထောင်ဘိုလမ်း၊ သြော်…သကြ်န် သကြ်န်၊ လက်ဘန္တန်မှ ဟစ်ဖ်ဘိုလာတို့၏အောင်ပွဲ၊ စလယ်ဝင် ဖင်မမည်းခင်က အက်ကွဲသံထွက်လာသည့် ပါကစ္စတန် ညွန့်ပေါင်းအစိုးရ၊ အိန္ဒိယနိုင်ငံမှ အကြမ်းဖက်ဗုံးခွဲမှု လက်ရာသစ်၊ သဘာဝချင်းမတူသော်လည်း ခံစားရမှု ဘဝချင်းတူသည့် တရုတ်နိုင်ငံ ငလျင်ဘေး၊ လူမျိုးရေးနှင့် အသားအရောင်တို့ လွှမ်းမိုးထိုးဖောက်လာတဲ့ အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲ၊ တက္ကစီမင်းနှင့် ဗြဟ္မစိုရ်တရား၊ ရာဇဝင်တွင်တဲ့သူရဲကောင်းအပိုင်း (၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈)၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သက္က (ခေတ္တရာ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံမှ ဆေးအကာအကွယ် ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၂

စင်ကာပူသမ္မတနိုင်ငံမှ Dr. Arif Tyebally ဦးစီးသော ၁၅ဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ ညနေ ၃နာရီ မိနစ် ၅၀တွင် C-130 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆို

အဆိုပါဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ဆေးနှင့်ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁ ဒသမ ၂၇တန်ပါရှိပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ ပစ္စည်းများ လာရောက်လှူဒါန်း

ရန်ကုန် မေ ၂၂

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သို့ မေ ၁၂ရက်က အလှူရှင် ဂိုးလ်ဒင်းဖလားဝါးကုမ္ပဏီလီမိတက်နှင့် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ ဦးအောင်ထွေးက ငွေကျပ် သိန်း ၅၀၀တန်ဖိုးရှိသော ငါးနှစ်ကောင်နှမ်းဆီပီသာ ၈၅၀၀၊ ငါးနှစ်ကောင် ဆပ်ပြာတောင့် ၃၆၀၀၀၊ ကင်းစတားသောက်ရေသန့် တစ်လီတာ ၅၀၀၀၊ ၂၀ လီတာပုံး ၅၀၀နှင့် မုံ့ရှာစောင် အထည် ၆၅၀တို့ကိုလည်းကောင်း၊ အလှူရှင် [Swiss Agency and Development and Cooperation (SDC)] အဖွဲ့ကိုယ်စား Mr. Jean Michel Jordan, Humanitarian Coordinator for South East Asia က အမေရိကန်ဒေါ်လာ ၂၅၁၉၀တန်ဖိုးရှိ Multi-purpose Tents ငါးခု၊ တာပေါ်လင်နှစ်လိပ်နှင့် Generator နှစ်လုံးကိုလည်းကောင်း၊ Muslim Aid (Serving Humanity) အဖွဲ့မှ အမေရိကန်ဒေါ်လာ ၃၀၀၀တန်ဖိုးရှိ ရေသန့်ဆေးပြားများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၀၈ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ တေးဂီတအစီအစဉ်
၇း၅၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅ ၅။ တေးဂီတအစီအစဉ်
၈း၃၀ ၆။ International News.
၈း၄၀ ၇။ တေးဂီတအစီအစဉ်
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၃၀ ၂။ နှောင်းခေတ်တေးပဒေသာ
၄း၄၅ ၃။ တေးဂီတအစီအစဉ်
၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၅။ တေးဂီတအစီအစဉ်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၃၀ ၇။ မိုးလေဝသအခြေအနေ
၆း၃၅ ၈။ သုတစုံလင် ရွှေညာဏ်ရှင်
၇း၁၀ ၉။ တေးဂီတအစီအစဉ်
၇း၂၀ ၁၀။ တေးဂီတအစီအစဉ်
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ မြန်မာဗီဒီယို ဇာတ်လမ်း **“လွှမ်းတင်ကြိုး”** (အပိုင်း-၂) နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ- ကိုလွင် (စန္ဒီးဝိုက်)
၁၅။ အစီအစဉ်ပြီး၏။

ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်မှကာကွယ်ရေး ပင်လယ်ပိုင်းဒေသများအထိ လမ်းများဖောက်လုပ်

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နယ်မြေခံတပ်ရင်းရိပ်သာ၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထောက်ပံ့ရေးပစ္စည်းရရှိ ဖြန့်ဝေပေးမှုအခြေအနေ၊ သောက်သုံးရေရရှိရေးအတွက် မိုးရေစုကန်၊ ရေစုပ်စက်၊ အဝီစိတွင်း နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ပေးမှု၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ၊ ဆေးရုံဆေးပေးခန်းများနှင့် သာသနိကအဆောက်အအုံများ အချိန်မီပြန်လည်ပြုပြင် တည်ဆောက်ပေးနေမှု၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို A (I) ကုမ္ပဏီ၊ TZTM ကုမ္ပဏီနှင့် Original Group ကုမ္ပဏီတို့က ပါဝင်ဆောင်ရွက်နေမှု၊ မိမိတို့၏ ဆန္ဒအလျောက် ကယ်ဆယ်ရေးစခန်းမှ နေရပ်ဒေသသို့ ပြန်လည်သွားရောက်နေထိုင်လိုသူများအတွက် စားရေရိက္ခာနှင့် ယာယီအမိုးအကာတို့ဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ထောက်ပံ့ပေးမှု၊ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူကျေးရွာနေပြည်သူများအတွက် လုပ်ငန်းခွင်သုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးလျက်ရှိသည့် အစီအစဉ်နှင့် ကျန်းမာရေးအတွက် သင်္ဘောပေါ်တွင် ဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းကုသပေးနေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူနေကြရသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

စောင့်ရှောက်ကူညီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ကယ်ဆယ်ရေး၊ပြန်လည်ထူထောင်ရေးနှင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးလုပ်ငန်းစဉ်သုံးဆင့်ဖြင့် လေဘေးသင့်ဒေသများနှင့် ပြည်သူများကို နိုင်ငံတော်က စောင့်ရှောက်ကူညီပေးလျက်ရှိကြောင်း။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် လတ်တလောဆောင်ရွက်နေသည့် ဆေးရုံသင်္ဘောအစီအစဉ်မှာ ထိရောက်ကြောင်း၊ ရေရှည်အတွက် ဒေသတွင်းဆေးရုံများ အဆင့်မြှင့်တင်မှု၊ ကျေးလက်ဆေးခန်းများ ဖြန့်ကြက်နေရာချဖွင့်လှစ်မှုများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တည်ဆောက်ပေး

ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်မှကာကွယ်ရေး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပင်လယ်ပိုင်းကျေးရွာများအထိ လမ်းများဖောက်လုပ်သွားမည့်အပြင် လမ်းများကို ပြည်သူများ ရေဘေးမှခိုလှုံနိုင်ရန် ပေ၂၀၊ ၃၀အမြင့်အထိ တည်ဆောက်ပေးမှာဖြစ်ကြောင်း။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရာ၌ အချက်အချာဒေသများတွင် ထွန်စက်စခန်းများ ဖွင့်လှစ်မှု၊ မျိုးစပါး၊ ကျွဲနွား၊ လယ်ယာသုံးကိရိယာပံ့ပိုးမှုများ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

အလျှင်အမြန်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပြောကြားရာ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးနယ်မြေများ မခွဲခြားဘဲ ညှိနှိုင်းပေါင်းစပ်၍ နီးစပ်ရာ၊ အဆင်ပြေရာ မြို့များက ပံ့ပိုးဆောင်ရွက်ပေးရန်၊ လယ်ထွန်စက်ဝင်မရသည့် လယ်မြေအမျိုးအစားများအတွက် ကျွဲနွားများ စီစဉ်ပေးရန်နှင့် သင့်လျော်ပြီးဖြစ်နိုင်သည့် နည်းလမ်းများဖြင့် စိုက်ပျိုးရန်၊ ရေလုပ်ငန်းအတွက်လိုအပ်သည့်လှေ၊ ပဲ့ထောင်စက်နှင့် ငါးဖမ်းပိုက်များကို ဒေသအခြေအနေနှင့်အညီ ကူညီထောက်ပံ့ပေးရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည့်အပိုင်းကိုလည်း အလျင်အမြန်တင်ပြကြရန်ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းမှ မိသားစုဝင်များအား နှုတ်ဆက်ပြီး မော်လမြိုင်ကျွန်းမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်းနှင့် ဒေသခံဆရာဝန်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံတို့မှ အထူးကုဆရာဝန်များအဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှုခံယူနေကြရသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ထပ်မံကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် နံနက် ၁၁နာရီ မိနစ်၂၀တွင် ဖျာပုံခရိုင် ဘိုကလေးမြို့သို့ ရောက်ရှိကြရာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား နောက်တန်းစခန်းဖြစ်သည့် မအူပင်မြို့ ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးမှု၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု၊ ၄င်းတို့၏ဆန္ဒအရ မူရင်းအရပ်ဒေသကျေးရွာများသို့ ပြန်လိုသူများအတွက် ပြန်လည်ပို့ဆောင်ပေးနေမှု၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Htoo Trading နှင့် Air Bagan မိသားစု၊ Diamond Mercury ကုမ္ပဏီတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နေမှု ပညာရေး၊ ကျန်းမာရေးနှင့် မြို့ပြဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် နေရပ်ဒေသအသီးသီး ပြန်ကြသူများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုအခြေအနေနှင့် လယ်ယာမြေကွင်းပတ်တာများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စီမံချက်များချမှတ်ပြီး စနစ်တကျနှင့် လျင်မြန်စွာ ဆောင်ရွက်သွားရန်နှင့် ပင်လယ်ပိုင်းဒေသများသို့ လမ်းများဖောက်လုပ်ရေးကို အမြန်ဆုံး ဆောင်ရွက်သွားရန် မှာကြားသည်။

လုပ်ငန်းစဉ်များချမှတ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးမှ ကာကွယ်ရေးလုပ်ငန်းများအတွက် မူဝါဒများ၊ အသေးစိတ်လုပ်ငန်းစဉ်များကို ချမှတ်ပေးလျက်ရှိကြောင်း။

ယင်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကို အောင်အောင်မြင်မြင်နှင့် စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်ရေးမှာ နယ်မြေဒေသအသီးသီးတွင် ကောက်ယူသည့် စာရင်းဇယားများ မှန်ကန်တိကျမှုအပေါ် များစွာတည်နေကြောင်း။

စနစ်တကျ

ကယ်ဆယ်ရေးလုပ်ငန်းများထက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများက ပိုမိုများပြားကျယ်ဝန်းရာ သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ ထိရောက်စနစ်ကျဖို့လိုကြောင်း။

မူရင်းဒေသများတွင် ပြန်လည်၍ နေထိုင်လျက်ရှိသော ပြည်သူများအတွက် ရိက္ခာနှင့်အခြားထောက်ပံ့ပေးမှုများကို မြို့နယ်များမှ ကျေးရွာများအထိ ပုံမှန်ထောက်ပံ့ရေးလမ်းကြောင်း ထူထောင်ပြီး အဆက်မပြတ်အောင် ထောက်ပံ့ပေးရမှာဖြစ်ကြောင်း။

အလုံအလောက်

နိုင်ငံတော်လက်ဝယ်တွင် ဆန်စပါးနှင့် ရိက္ခာဘဏ္ဍာ ငွေကြေး အလုံအလောက်ရှိသလို လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးမှာဖြစ်ရာ အခြေခံဒေသများတွင် ပြည်သူများအတွက် ဖြန့်ဝေမှု၊ သုံးစွဲမှုများကို စနစ်တကျ ဆောင်ရွက်ဖို့သာ လိုအပ်ကြောင်း။

● *ကျောဖုံးမှ*

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ အလှူရှင်နိုင်ငံ ၃၉နိုင်ငံတို့မှ အလှူရှင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၂ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဝမ်းနည်းခြင်းအထိမ်းအမှတ်

အခမ်းအနားမစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် လေဘေးကြောင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်၍ နေကြသည်။

အထူးလေးစား

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ အဆွေတော်တို့အား မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ အဆွေတော်တို့အနေဖြင့် အလုပ်တာဝန် များပြားသည့်ကြားမှ ကိုယ်တိုင်မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့်အချိန်ကာလတွင် မြန်မာနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ခြင်းသည် နာဂစ်မုန်တိုင်းဘေးသင့်ခဲ့ကြသည့် ပြည်သူများကို အားပေးနှစ်သိမ့်နိုင်ရေးကိစ္စအပေါ် အထူးအလေးထားသည် ဆိုသည့်အချက်ကို အထင်အရှား ပြသနေပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ စာနာကြောင်းနှင့် ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခဲ့ခြင်းနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးပို့ခဲ့ခြင်းအတွက် ဆိုင်ကလုန်းဘေးသင့်ပြည်သူများကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း။

ကျေးဇူးတင်

ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းကူညီနိုင်ရန် ကျန်းမာရေးအဖွဲ့များ စေလွှတ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါကြောင်း။

မေလ ၂ရက်နှင့် ၃ရက်များတွင် မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းသည် တစ်ကြိမ်တစ်ခါမျှ ကြုံဖူးခြင်းမရှိသေးသည့် သဘာဝဘေးတစ်ရပ်ဖြစ်ခဲ့ပြီး အသက်အိုးအိမ်စည်းစိမ် အမြောက်အမြားဆုံးရှုံးမှု ဖြစ်စေခဲ့ပါကြောင်း၊ သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ ကြုံဖူးခြင်းမရှိသည့်အတွက် ဆိုင်ကလုန်းမုန်တိုင်းသည် ဤမျှ ဆိုးကျိုးသက်ရောက်စေလိမ့်မည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ မျှော်လင့်မထားခဲ့ကြပါကြောင်း၊ ဤဆိုင်ကလုန်းမုန်တိုင်း၏ ဆိုးကျိုးကို အဆွေတော်တို့အနေဖြင့်လည်း သတင်းများမှတစ်ဆင့် ကြားသိပြီးဖြစ်မည်ဟု ယူဆသည့်အတွက် အသေးစိတ် မပြောကြားလိုတော့ပါကြောင်း၊ မိမိ၏ ပြောကြားချက်အပြီးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံအစိုးရ၏ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်၊ ကူညီ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေကို ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း။

စတင်ဆောင်ရွက်

မိမိတို့အနေဖြင့် မုန်တိုင်းဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးကို လုပ်ဆောင်ခဲ့ပြီးဖြစ်၍ ကျန်းမာရေး၊ အစားအစာနှင့် ယာယီနေရာထိုင်ခင်းများ ပံ့ပိုးခြင်း စသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်ထပ်အဆင့်အနေဖြင့် လေဘေးမှ လွတ်မြောက်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်ရေး၊ ၎င်းတို့၏ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်း စသည့် အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးတို့ကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ လက်ရှိ ကြုံတွေ့နေကြရသည့် အခက်အခဲများမှ ပြန်လည်လွတ်မြောက်နိုင်စေရန် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြည်တွင်းစွမ်းအင်များကို အသုံးချပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုက်တွန်းထားပါကြောင်း။

ဝမ်းနည်းခြင်းအထိမ်းအမှတ်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နာဂစ်လေဘေး ကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည့်အခမ်းအနားသို့ တက်ရောက်လာကြသူများ လေဘေးကြောင့် သေဆုံး၊ ပျောက်ဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်၍ နေကြစဉ်။

(သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးကို အလေးပေးဆောင်ရွက်ရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလေးထား ပြောကြားထားပါကြောင်း၊ ပထမအဆင့်အနေဖြင့် အရေးပေါ်ကူညီ၊ ကယ်ဆယ်ရေး၊ အစားအသောက်၊ အဝတ်အစား၊ ယာယီနေအိမ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ကျေးရွာများ တည်ဆောက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်းများ ပြန်လည်တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားပြီး တတိယအဆင့်အနေဖြင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်နိုင်ရေးနှင့် ဘေးသင့်ပြည်သူများ အသက်မွေးမှုလုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ဆောင်သွားနိုင်စေရေး ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ ဒုတိယနှင့် တတိယအဆင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အချိန်ပိုလိုအပ်ပြီး နိုင်ငံတကာမှ နည်းပညာနှင့် ပစ္စည်းအကူအညီများလည်း လိုအပ်ပါကြောင်း။

တိုက်ရိုက်ပေးပို့

ထို့ကြောင့် ဤကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး အဆင့်သုံးဆင့်စလုံးတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ လူသားချင်းစာနာသည့် အထောက်အကူများကို ကြိုဆိုပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံတကာအကူအညီများ အဆက်မပြတ် ရောက်ရှိလာလျက်ရှိသည်ကို ဝမ်းမြောက်မိပါကြောင်း၊ ဤအကူအညီများကို လေဘေးသင့်ပြည်သူများထံ စနစ်တကျနှင့် တိုက်ရိုက်ပေးပို့ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့၏ ပြည်တွင်းအင်အားများကို အသုံးပြုပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့များ၊ ဒေသခံ စေတနာရှင်များ၏ အင်အားကို စုစည်းအသုံးပြုလျက်ရှိပါကြောင်း၊ အစောပိုင်းကာလများတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာ အကူအညီများကို ငြင်းဆန်ခြင်း (သို့) ရွေးချယ်လက်ခံခြင်းများ ပြုလုပ်နေသည်ဟု မဟုတ်သတင်းများ ပေါ်ပေါက်ခဲ့ခြင်းတို့သည် လုံးဝမှန်ကန်မှုမရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် ငွေကြေးအကူအညီများကို မည်သည့်နိုင်ငံမှမဆို ဝမ်းမြောက်စွာ လက်ခံခဲ့ပါကြောင်း၊ သို့သော်လည်း လူသားချင်းစာနာထောက်ထားသည့် အကူအညီများတွင် နိုင်ငံရေးအရ ဖိအားပေးမှုများနှင့် မဆက်နွှယ်စေသင့်ပါကြောင်း၊ ယနေ့အထိ နိုင်ငံတကာနှင့် အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးပစ္စည်း တန်ချိန် ၂၇၀၀ကျော်ကို လေယာဉ်အစင်း ၁၃၀ကျော်ဖြင့် သယ်ယူလာခဲ့သည်ကို လက်ခံရရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤကဲ့သို့ အရေးပါသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် နိုင်ငံတကာမှ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေသည့်အလျောက် အာဆီယံဦးဆောင်သော ညှိနှိုင်းရေးယန္တရားတစ်ရပ် တည်ထောင်ရေးကိစ္စကို မိမိတို့အနေဖြင့် သဘောတူခဲ့ပါကြောင်း၊ ယင်းအာဆီယံ ညှိနှိုင်းရေးယန္တရားသည် မိမိတို့နိုင်ငံ၌ ထူထောင်ထားသော အမျိုးသား ညှိနှိုင်းရေးယန္တရားနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း။

လာမည့် မေလ ၂၅ရက်တွင်လည်း နိုင်ငံတကာအလှူရှင်များမှ လှူဒါန်းမည့်ပမာဏကို ကတိကဝတ်ပြုကြမည့် အာဆီယံ-ကုလသမဂ္ဂကွန်ဖရင့်တစ်ရပ်ကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပသွားမှာဖြစ်ပါကြောင်း၊ အဆွေတော်တို့အနက်မှ အတော်များများလည်း အဆိုပါကွန်ဖရင့်တွင် ပါဝင်တက်ရောက်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဤကဲ့သို့ ပါဝင်ခြင်းသည် မိမိတို့၏ ကယ်ဆယ်ကူညီရေး လုပ်ငန်းများအတွက် ပိုမိုအားဖြည့်ပေးသည့်သဘော သက်ရောက်ပါကြောင်း။

ခွန်အားသစ်

အဆွေတော် အလှူရှင်များအနေဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ သွားရောက်လေ့လာနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ဤခရီးစဉ်တွင် အဆွေတော်တို့အနေဖြင့် အဆွေတော်တို့လှူဒါန်းခဲ့သည့် အကူအညီများသည် လေဘေးသင့်သူများအတွက် မည်မျှအသုံးဝင်သည်ဆိုသည်ကို ကိုယ်တိုင်မြင်တွေ့ခွင့်ရမှာဖြစ်ပါကြောင်း၊ အဆွေတော်တို့၏ ငွေကြေးနှင့် ပစ္စည်းအလှူများသည် လေဘေးသင့်ပြည်သူများအတွက် ခွန်အားသစ်များဖြစ်စေပြီး ၎င်းတို့၏ အခက်အခဲများကိုလည်း ပြေလည်စေခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လေဘေးသင့်ပြည်သူများထံ အကူအညီများ အချိန်မီပေးပို့ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ထပ်လောင်းဖော်ပြလိုပါကြောင်း။

စနစ်တကျဖြန့်ဝေ

အလှူရှင်နိုင်ငံများမှပေးပို့သည့် အကူအညီများကို မှန်မှန်ကန်ကန် မှတ်တမ်းတင်ပြီး လေဘေးသင့်ပြည်သူများထံသို့လည်း စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း အသိပေးပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လေဘေးဒဏ်ကြောင့် မိဘမဲ့ဖြစ်သွားရသည့် ကလေးငယ်များအား ပြုစုစောင့်ရှောက်ရေး၊ လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရေးအတွက် မိဘမဲ့ကလေးများ သင်တန်းကျောင်းများကို ဖျာပုံမြို့နှင့် လပွတ္တာမြို့များ၌ ထူထောင်ဖွင့်လှစ်ပေးရန်နှင့် လတ်တလောတွင် မအူပင်မြို့နှင့် မြောင်းမြမြို့များ၌ သီးခြားအစီအစဉ်ဖြင့် စုစည်းစောင့်ရှောက်ထားရန် လမ်းညွှန်မိန့်ကြားထားပြီးဖြစ်ရာ သက်ဆိုင်ရာဒေသများအလိုက် ကူညီစောင့်ရှောက်မှုလိုအပ်သည့် ကလေးများ၊ လူငယ်များစာရင်းကို မှန်ကန်စွာ ဖော်ထုတ်စုစည်းနိုင်ဖို့ လိုကြောင်း။

ဗိုလ်ချုပ်မှူးကြီး ချမှတ်လမ်းညွှန်ပေးချက်များနှင့်အညီ ဆောင်ရွက်နေသည့် နိုင်ငံတော်အဆင့်မှ စီမံထားရှိမှုများ၊ လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များကို အခြေခံအဆင့်များက သိရှိနားလည်သဘောပေါက်ပြီး အောက်ခြေအဆင့်များတွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင်၊ စာရင်းဇယားများ ခွဲခြားကောက်ယူ စုစည်းတင်ပြနိုင်အောင် ရှင်းပြရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တန်ဖိုးနည်းအိမ်ရာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအဖြစ် လေလေးသင့်ပြည်သူများအား တည်ဆောက်ပေးရန် ဆောက်လုပ်ပြသထားသော တန်ဖိုးနည်းအိမ်ရာနမူနာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များအဖွဲ့၊ သူနာပြုတက္ကသိုလ်မှ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြင်ပလူနာဌာန၊ အမျိုးသားကုသဆောင်နှင့် အမျိုးသမီးကုသဆောင်တို့မှ လူနာများအား လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ထူထောင်

ထို့နောက် လေဘေးသင့်ခံရသည့် ဘိုကလေးမြို့၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပုသိမ်မြို့သို့ရောက်ရှိကြပြီးနောက် တပ်မတော်အထူးလေယာဉ်ဖြင့် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အကြိမ်(၆၀)မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော်၁၂ရက်) မေ၃၁ရက် (စနေနေ့) နံနက်ရနာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ၃၀ရက် ညနေ၃နာရီအရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနမှ ပင့်လျှောက်စာများ ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။ ပင့်စာများမရောက်ရှိပါကလည်း အချိန်မီကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကရေ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကရေ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက် စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို၊ ရေးဖြေအောင်မြင်တော်မူကြသော မူလအာဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယ ကောဝိဒသုံးပါး၊ ဒီဃဘာဏက နှစ်ပါး၊ ဝိနယကောဝိဒလေးပါး၊ ဝိနယရေ ၂၅ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂရေ ၄၄ပါး စုစုပေါင်းစာအောင်သံဃာ၈၇ပါး အပါအဝင် ပင့်သံဃာ ၂၄၈ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြတ်သူ စာမေးပွဲဌာနခွဲ ဖုန်း-၆၆၀၂၆၉၊ ၆၆၄၅၇၈နှင့် ၆၆၃၃၂၅ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

မေ ၂၂ရက်က ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသတွင် အရှဏ်ဦးကုမ္ပဏီ၊ FMI Co.,၊ ရွှေသံလွင်ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီနှင့် တက်လမ်းကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ပေးလျက်ရှိသည့် လူ ၈၀ ဆံ့ ယာယီနေထိုင်နိုင်သော Prefabricated အဆောက်အအုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိ

ကွင်းဆင်းသတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံမှတ်တမ်း-ငွေးအောင်(ကြေးမုံ) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် မေ ၂၂

မေလဆန်းပိုင်းက ကျရောက်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ မြို့နယ်အချို့ လေဘေးသင့်၍ အသက်၊ အိုးအိမ်၊ ပစ္စည်းများ ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်း တိုက်ခတ်ပြီးပြီးချင်းပင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ဦးဆောင်လျက် ဗဟိုကော်မတီဝင်ဝန်ကြီးများသည် သက်ဆိုင်ရာ လေဘေးသင့် မြို့နယ်အသီးသီးတွင် စခန်းချနေထိုင်လျက် အနီးကပ် ကြီးကြပ် ကွပ်ကဲစီမံဆောင်ရွက်လျက်ရှိကြသည်။

လေဘေးသင့် ဒေသဖြစ်သည့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ ကြေးမုံသတင်းအဖွဲ့ မေ ၂၀ရက်က ရောက်ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုတို့ကို မှတ်တမ်းပြု တင်ပြလိုက်ရပါသည်။

ကျန်းကျန်းမာမာရှိနေ

လေဘေး ကျရောက်ပြီးနောက် ကျေးရွာ အုပ်စုပေါင်း ၅၄ အုပ်စု၊ အိမ်ထောင်စုပေါင်း ၄၄၂၇စု၊ ဒုက္ခသည်ပေါင်း ၂၅၀၇၂၄ ဦးတို့အား မြို့ပေါ် ကယ်ဆယ်ရေးစခန်း ၄၅ခု ဖွင့်လှစ်၍ ကူညီစောင့်ရှောက်မှုများ ပေးခဲ့သည်။ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်။ စိုက်ပျိုးရေးရာသီ ရောက်ရှိလာပြီဖြစ်၍ မိမိတို့ဆန္ဒအရ ကိုယ့်ရွာကိုယ့်ဒေသသို့ ပြန် ချင်သူများအား ကျေးရွာအရောက် လိုအပ် သော ထောက်ပံ့မှုများ ပြည့်စုံစွာ စီစဉ်ပေးမှုကြောင့် ပြန်ကုန်ကြပြီ ဖြစ်သည်။ ယခုအခါ အိမ်ထောင်စုပေါင်း ၉၃စု၊ ဒုက္ခသည် ပေါင်း ၄၄၂ဦးနှင့် ကယ်ဆယ်ရေးစခန်း ၁၇ စုတို့သာ ရှိတော့သည်။ ဖျာပုံမြို့နယ် ကွပ်ကဲရေးစခန်း (ဇော်ဂျီရာပြည့်ခန်းမ)၌ အနီးကပ် ကြီးကြပ်ဆောင်ရွက်မှုများပေးနေသော အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်နှင့် တွေ့ဆုံခဲ့ရာ "ကယ်ဆယ်ရေး လုပ်ငန်းများကို ဆပ်ကော်မတီဖွဲ့စည်း၍ ကျေးရွာများအရောက် ဆောင်ရွက်ပေးပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လျက် စောင့်ရှောက်မှုများ ပေးထားကြောင်း၊ ဖြစ်ဖြစ်ချင်း နိုင်ငံတော်၏ ပံ့ပိုးမှုအနေဖြင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးထားခဲ့ကြောင်း၊ ညနေတိုင်း ညှိနှိုင်း အစည်းအဝေးပြုလုပ်၍ ပံ့ပိုးမှုများ အစဉ်မပြတ် ပေးထားခဲ့မှုကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများ မြန်ဆန် ထိရောက်ခဲ့ကြောင်း၊ အလှူရှင်များကိုယ်တိုင် စိတ်တိုင်းကျ လှူဒါန်းနိုင်အောင်လည်း လမ်းဖွင့်ပေးခဲ့ကြောင်း" ပြောကြားသည်။ ဆက်လက်၍ အားကစားကွင်းတွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်း အမှတ်(၁) သို့ ရောက်ရှိခဲ့ရာ ကယ်ဆယ်ရေးစခန်း တာဝန်ခံ အဖွဲ့ဝင် ဦးမောင်မောင် (လဝက-ဦးစီးအရာရှိ) က "ဒီအမှတ် (၁) ကယ်ဆယ်ရေးစခန်းကို မေ ၃ရက် ညနေကတည်းက စဖွင့်ထားတာပါ။ အောက်ကွင်းရွာ၊ မော်ဘီရွာ၊ အခြားကြီးရွာနဲ့ အခြားလေးရွာက အိမ်ထောင်စုပေါင်း ၄၈စုရှိပြီး ကလေးလူကြီး ၂၃၇ဦးရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပေးပို့လှူဒါန်းတဲ့ တဲများနဲ့ နေထိုင်စေပြီး ရေသန့်စက်၊ အခြားလိုအပ်တဲ့ ပစ္စည်းများအပါအဝင် ပြည်တွင်း၊ ပြည်ပက လှူဒါန်းထားတဲ့ ပစ္စည်းများကိုလည်း ပေးအပ်ထားကြောင်း ယင်လုံအိမ်သာများ တည်ဆောက်ပေးပြီး စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာဘူးများ ဝေငှထားကြောင်း" ရှင်းပြခဲ့သည်။

လေဘေးသင့် ဒုက္ခသည်များအနက် တဲအမှတ်(၃၆)တွင် နေထိုင်သူ ဒေါ်ငွေငွေမြင့်နှင့် တွေ့ဆုံခဲ့ရာ ၎င်းတို့တွင် မိသားစု ခြောက်ဦးရှိကြောင်း၊ ၎င်းတို့ မိသားစု နေထိုင်ရာ ပင်လယ်ပိုင်း မော်ဘီကျေးရွာသို့ တပ်မတော်သားများ ရောက်ရှိလာပြီး ကယ်တင်ပေးခဲ့သဖြင့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာပြီး မိသားစု ကျန်းကျန်းမာမာရှိနေခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

ဖျာပုံမြို့ လမ်းများပေါ်တွင် သွားလာသူများ၊ ဈေးဆိုင်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်လူနာတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေစဉ်။

တိုင်းရင်းဆေး

ဖြန့်ဝေပေးသော ပစ္စည်းများရရှိမှုကို မေးကြည့်ရာ စောင်၊ ခြင်ထောင်၊ အဝတ်အထည်များ၊ ပလတ်စတစ်စများ၊ ဆေးဝါးများပေးထားကြောင်း၊နေ့စဉ်စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ပဲနှင့် ဆီသွတ်ဘူးများ ပေးထားကြောင်း သိခဲ့ရသည်။ ထပ်မံ၍ တဲအမှတ် (၁၄) ရှိ ဒေါ်လှစန်းဝင်း တဲသို့ ဝင်ရောက် မေးကြည့်ရာ သူ့တွင် မိသားစု လေးဦးရှိကြောင်း၊ နေထိုင်မှု အဆင်ပြေကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ မေးကြည့်ရာ ၎င်းမိသားစုတွင် ဘာရောဂါမှ မရှိကြောင်း၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားရခြင်းများ မရှိကြောင်း၊ဒီက ယင်လုံအိမ်သာများ ဆောက်ထားပေး၍ ပိုကောင်းကြောင်း၊ သောက်သုံးရေအတွက်လည်း ရေသန့်စက်တွင် လိုသလောက် သွားယူသောက်နိုင်ကြောင်း၊ ကျန်းမာရေးအတွက် ဆေးခန်းလည်း အသင့်ရှိသည့်အပြင် တိုင်းရင်းဆေးတွေလည်း ဝေငှထားတာရရှိကြောင်း ပြောပြပါသည်။

ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးသန်းလွင်၊ ဆေးရုံအုပ်ကြီး ဒေါ်သီသီဝင်းတို့က ဖျာပုံမြို့နယ်ရှိ မင်္ဂလာကန်တော်ကြီးမှအစ သောက်သုံးရေကန်အားလုံး ကလိုရင်းဆေးခတ်ပြီး ရေနှင့်ပတ်သက်ပြီး ဖြစ်ပွားတတ်သောရောဂါတို့အား ကြိုတင်ကာကွယ်ထားကြောင်း၊ လက်ရှိကျေးရွာ အစွန်အဖျားများသို့သွားရောက်၍ ကြည့်ရှုစောင့်ရှောက်နေကြောင်း၊ စီမံချက်များ ရေးဆွဲပြီး ကာကွယ်စောင့်ရှောက်ရေးအပြင် ရောဂါကြီးကြပ်ထောက်လှမ်းရေးအဖွဲ့ ဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျေးရွာအရောက် ကွင်းဆင်း ကုသရေးကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိခဲ့ရသည်။

လျှပ်စစ်မီးသွယ်တန်းရန် သံတိုင်များ ရောက်ရှိလာသည်ကို ဤသို့ တွေ့ရသည်။

ဖျာပုံမြို့ရှိ မင်္ဂလာကန်တော်ကြီးအား ပြန်လည်ပြုပြင်ပြီး သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိစဉ်။

ကုသပေး

ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ ဆက်ခဲ့ရာ ကျန်းမာရေးနှင့် ပတ်သက်၍ ဖျာပုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဝင်ရောက်ခဲ့သည်။ ဆေးရုံကြီးတွင် အမိုးအကာများ ပြန်လည်မိုးပြီး၍ လူနာများ လေ၊ မိုးလုံခြုံစွာ၊ စိတ်ချမ်းသာစွာ နေထိုင်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။ ထို့အပြင် အရေးပေါ်လူနာအဖြစ် လာရောက်ပြသသော သလိပ်ကလေးကျေးရွာမှ အသက်ရှစ်နှစ်အရွယ် ဓားထိထားသော ကျောင်းသားကလေး မောင်မောင်လွင်အား ဒေါက်တာဒေါ်သန္တာနှင့် ဆရာမများက ဂရုတစိုက်ကုသပေးနေသည်ကို တွေ့မြင်ခဲ့ရသည်။

ဆေးရုံကြီးတွင်လည်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ ကျန်းမာရေးအရာရှိများ၊ တပ်မတော်နှင့် အထူးကုဆေးအဖွဲ့ဝင်များလည်း ရောက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။ ထို့အပြင် အိန္ဒိယသမ္မတနိုင်ငံမှ ဆေးကုသရေးအဖွဲ့လည်း ရောက်ရှိနေကြောင်း သိရှိရသည်။

ဆေးရုံအုပ်ကြီးကလည်း မုန်တိုင်းတိုက်ခတ်အပြီး အရေးပေါ်ဆောင်ရွက်ရမည့် လူနာများအား မအူပင်နှင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့သပေးခဲ့ကြောင်း၊ သာမန်ဖျားနာ ထိခိုက်မှုရှိသည့် လူနာများသာရှိကြောင်း၊ ယခုအချိန်ထိ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ လူနာများဆေးရုံသို့ မရောက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင်လည်းမရှိကြောင်း ရှင်းပြခဲ့သည်။

ကျောင်းအပ်

ပညာရေးနှင့် ပတ်သက်၍ ဖျာပုံမြို့နယ်တွင် ကျောင်းပေါင်း ၃၀ အား စေတနာရှင် ဆောက်လုပ်ရေးကုမ္ပဏီကြီးများက ဇွန် ၂ရက် ကျောင်းအဖွင့်အမီ ပြန်လည်ပြုပြင်နေကြောင်း သိခဲ့ရသည်။ အထက(၁)သို့ဝင်ရောက်ခဲ့ရာ အမိုးအကာများအား လုပ်သားအင်အားများစွာဖြင့် ဆောင်ရွက်နေသော ပြည့်ဖြိုးကျော်ကုမ္ပဏီ၊ ဒဂုံအင်တာပရိုက်၊ ယုဇနဆောက်လုပ်ရေးအဖွဲ့တို့အား တွေ့မြင်ခဲ့ရသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်မွေးက "ကျွန်မတို့ကျောင်း ဇွန် ၂ရက်နေ့မှာ ဖွင့်မှာပါ၊ ကျောင်းသားအင်အား ၂၂၅၀ ကျော်ရှိပြီး မေ ၂၅ရက်မှာ ကျောင်းသားများ စတင်လက်ခံမှာပါ"ဟု ပြောပြသည်။

လျှပ်စစ်မီး

လျှပ်စစ်နှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်နေသော ဒုတိယဗိုလ်မှူးကြီး ရန်လင်း (ဒုတိယအင်ဂျင်နီယာချုပ်) လျှပ်စစ်ဖြန့်ဖြူးရေးဌာနက "ကျွန်တော်တို့ အားချင်း ဆောင်ရွက်နေပါတယ်။ အခြားတိုင်းနှင့် ပြည်နယ်တို့မှ အတတ်ပညာရှင်တွေနှင့် ဝန်ထမ်းတွေအပြင် လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း ဌာနက ပံ့ပိုးပေးထားပါတယ်။ အခု အရေးကြီးဌာနတွေဖြစ်တဲ့ ဆေးရုံနဲ့ အဆောက်အအုံအချို့အပြင် လမ်းမီးတွေလည်း ပေးထားပါတယ်"ဟု ဆိုခဲ့သည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် မြို့နယ်ဆက်သွယ်ရေးဝန်ထမ်းများသည် နေပြည်တော်မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း အလျင်အမြန် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပြီး၊ ယခုအခါ CDMA မိုဘိုင်းလ်ဖုန်း 450 ဖြင့် ပြန်လည်ဆက်သွယ်နိုင်သည့်အပြင် အများပြည်သူသုံး PCO ဖုန်းများလည်း အားလုံးပြင်ဆင်ပြီးဖြစ်ရာ ယခုပတ်အတွင်း ဖုန်းလိုင်း ၄၀၀ အနည်းဆုံး ဆက်သွယ်နိုင်မှာဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးဌာနမှ သိခဲ့ရသည်။

အဆက်မပြတ်

ယခုအခါ စိုက်ပျိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မိုးစပါး တင်း ငါးသောင်းမှာယူ၍ ဖြန့်ဖြူးပေးမည့်အပြင် ရေငန်ဝင်လယ်ယာများ ရေငန်ပြန်စုပ်ယူရေး၊ မြေပြန်လည်ပြုပြင်ရေး ထွန်ယက်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာတို့အား စိုက်ပျိုးရေးရာသီအမီ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျွဲ၊ နွားရရှိရေးနှင့် ရေလုပ်သားများအတွက် ငါးဖမ်းပိုက်၊ ပဲ့ထောင်ကအစ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်သည်။ ထို့အပြင် ဆောက်လုပ်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနပိုင်ကားများဖြင့်လည်း သစ်များ အဆက်မပြတ်ရောက်ရှိနေမှုကို တွေ့မြင်ခဲ့ရသည်။

သို့ပါ၍ ယခုအခါ ပထမအဆင့်ဖြစ်သော ကယ်ဆယ်ရေးလုပ်ငန်း အများစုလည်း ပြီးစီးသွားပြီဖြစ်၍ ဒုတိယအဆင့်ဖြစ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများလည်း ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က စုပေါင်းညီညာစွာ အမျိုးသားရေးစိတ်ဓာတ် ခိုင်ခိုင်မာမာဖြင့် လက်တွဲဆောင်ရွက်ရင်း မုန်တိုင်းဒဏ်အား ပြန်လည်အနိုင်ယူသွားမည်ဟု ယုံကြည်မိပါသတည်း။ ။

(မြန်မာ့အလင်း)

မုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံများ အမြန်ဆုံးပြုပြင် ပြည်သူများပုံမှန်ပြောဆိုဆက်သွယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အရေးပေါ် ဆက်သွယ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် မေ ၁၈ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့ စာတိုက်နှင့် အော်တိုအိတ်ချိန်းစခန်းများ၌ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စာတိုက်နှင့်အိတ်ချိန်း အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ချိန်အတွင်း အမြန်ဆုံး ပြုပြင်ဆောင်ရွက်ကြရန်နှင့် ပြည်သူများ အမြန်ဆုံးပုံမှန်ဆက်သွယ် ပြောဆိုနိုင်ရန်အတွက် အဖွဲ့များခွဲ၍ အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးသည် ဒေးဒရဲမြို့၌ ဒေးဒရဲမြို့မှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ခံ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မြို့ပေါ်မှကျေးရွာအထိ ဆက်သွယ်ပြောဆိုနိုင်ရန် အတွက် ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်း၌ အိတ်ချိန်းစက်ပစ္စည်းများကိုကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများကြံ့ခိုင်ကောင်းမွန်ရေးနှင့် ဆက်သွယ်ရေး ဆက်ကြောင်းများ ကောင်းမွန်ရေး အတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးသည်ကျိုက်လတ်မြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်းနှင့် မအူပင်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အလှူရှင် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဒေါ်ခင်ပု၊ ဖခင် ဦးဘသိန်း၊ မိခင် ဒေါ်သိန်းမြ နှင့် ကျေးသမီးခင် ဒေါ်လှလှတို့အား ရည်စူး၍ သား ဦးကျော်တင် (ညွှန်ကြားရေးမှူး-ငြိမ်း/လျှပ်စစ်စွမ်းအားဦးစီးဌာန)၊ သမီး ဒေါ်အေးအေးမြင့်မိသားစု ရန်ကုန်မြို့က အလှူငွေကျပ်သိန်း ၅၀ကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ၏ရှေ့မှောက်၌ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာအုပ်စု လေဘေးသင့်ပြည်သူများ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတွေ့ဆုံ

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းမှာကြား

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၂၀ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သက္ကယ်ကုန်းကျေးရွာအုပ်စုရှိ သက္ကယ်ကုန်း၊ ခမတ်၊ ညဏ်ကျွန်း၊ သဖြုကန် ကျေးရွာများမှ လေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းမှာကြားကာ လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်း-သက္ကယ်ကုန်း၊ ခရမ်း-ဒေးပေါက် ရေလမ်းကြောင်း တစ်လျှောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒေးပေါက်စံပြကျေးရွာ၊ပုဂံတောင်ကျေးရွာနှင့်ပန်းတောချောင်း ကျေးရွာများမှ လေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုအသေးစိတ် ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံယူ

ရန်ကုန်မြို့ ဒဂုံ အထက(၁)မှ အလှူရှင် ဆရာ ဆရာမများက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာပင်အတွက် ငွေကျပ်၄၈၀၀၀၀ လှူဒါန်းရာ ရိပ်သာအမှုဆောင် အတွင်းရေးမှူး ဦးမြသိန်းက လက်ခံယူစဉ်။ (၁၀၅)

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့်

လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းသင်တန်းများဖွင့်လှစ်

မင်းတပ် မေ ၁၅

ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးသင်တန်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ အခြေခံ လူမှုဝန်ထမ်းလုပ်ငန်းသင်တန်းနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ စောင့်ရှောက်မှုမြင့်တင်ရေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲ ၂နာရီက ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး အခမ်းအနားသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနအရာရှိနှင့် သင်တန်းဆရာမများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မေ ၂၁ ရက်က လေဘေးဒဏ်ခံခဲ့ရသော လပွတ္တာမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းကို ပြန်လည်ပြုပြင်တည်ဆောက်ပြီးနောက် ဝေဟင်မှတွေ့ရစဉ်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် စောင်နှင့်ခြင်ထောင်လှူဒါန်း

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ လေဘေးသင့် ပြည်သူများအတွက် တရုတ်နိုင်ငံ ဆစ်ဆောင်ပန်နား ကျင်းဟုန်မြို့ရှိ Diertai Mining Co.,Ltd.နှင့် ကျိုင်းတုံမြို့ ဟိန်းသံလွင်သတ္တုကုမ္ပဏီလီမိတက်တို့က တန်ဖိုးငွေ ယွမ် ၆၀၀၀၀ (မြန်မာကျပ်ငွေ သိန်း တစ်ရာခန့်ရှိ)စောင်၄၀၀၊ ခြင်ထောင် ၂၄၀တို့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၄ ရက်က ကျိုင်းတုံမြို့၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက တက်ရောက်လက်ခံယူသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင် Diertai Mining Co., Ltd. ဥက္ကဋ္ဌ ရောင်ရဲ(ကိုယ်စား) အတွင်းရေးမှူး မစ္စတာကန်စုမင်နှင့် ဟိန်းသံလွင် သတ္တုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းလုံတို့ တက်ရောက်ကြသည်။

(က-ပ)

23-5 (11).pmd 1 5/23/2008, 2:51 AM

လေဘေးသင့် ပြည်သူများအတွက် ကူညီထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်း

ရန်ကုန် မေ ၂၂

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ လေဘေးသင့်ပြည်သူများအတွက် ယူနန်ပြည်နယ်အစိုးရမှ ပေးပို့လှူဒါန်းသော သွပ်ပြားများနှင့် မူဆယ်ခရိုင်မှလှူဒါန်းသော လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ သယ်ဆောင်လာသည့် PE ယာဉ် သုံးစီး၊ ဒိုင်နာယာဉ် ၁၅ စီးတို့သည် မေ ၁၅ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းသို့ ရောက်ရှိလာရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ ကြိုဆိုကြပြီး ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထွက်ခွာ

ထို့နောက် အဆိုပါပစ္စည်းများအား ပြည်သူ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များမှ တပ်မတော်မော်တော်ယာဉ် အစီး ၅၀ ပေါ်သို့ လွှဲပြောင်းတင်ဆောင်ပေးကြပြီး အဆိုပါ မော်တော်ယာဉ်များ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

သိရ

ယနေ့ ပေးပို့လှူဒါန်းသော ကူညီထောက်ပံ့ပစ္စည်းများမှာ ယူနန်ပြည်နယ်အစိုးရက ယွမ် ၇၂၀၀၀၀ တန်ဖိုးရှိ သွပ်ပြားတန် ၉၀၊ မူဆယ်မြို့အထွေထွေ အထိပ် ကုမ္ပဏီနှင့် ပြည်သူလူထုမှ ၈၅သိန်းတန်ဖိုးရှိ သွပ်အချပ် ၁၇၀၀၊ ဓမ္မစေတီဆရာတော်နှင့် မူဆယ်မြို့မှ အလှူရှင်များက ငွေကျပ် ၂၅၂၃၄၉၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မူဆယ်မြို့မှ ဦးမြတ်ကောင်း-ဒေါ်နွယ်နီအေး မိသားစုက ယွမ် ၁၅၀၀၅၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ထုပ်များ၊လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၄၇၅၉၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းနှင့် စားသုံးကုန်ပစ္စည်းများ၊ ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးပို့လှူဒါန်းသော ၁၈ သိန်း တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများဖြစ်ကြောင်းနှင့်လှူဒါန်းပစ္စည်းတန်ဖိုးမှာ စုစုပေါင်း ယွမ် ၈၇၁၀၅၀နှင့် ငွေကျပ် ၄၀၂၉၃၉၀၀ ဖြစ်ကြောင်း သိရသည်။

ပေးပို့လှူဒါန်း

ယနေ့အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကောက်ခံရရှိငွေ စုစုပေါင်း ငွေ ၂၉၃၁၉၇၃၁၆ ကျပ်ဖြစ်ကြောင်းနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၀၀၀၊ တရုတ်ငွေယွမ် ၉၇၆၀၅၀ ငွေကျပ်စုစုပေါင်း ၄၈၈၉၅၀၈၈ ကျပ် တန်ဖိုးရှိ ပစ္စည်းများအား ပေးပို့လှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မေ ၂၁ ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးထုတ်လုပ်သူများမှ အလှူငွေနှင့်ဆေးဝါးများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်စဉ်။ (ကျန်းမာရေး)

ဖလမ်း၌ အထွေထွေစကားဝိုင်းကျင်းပ

ဖလမ်း မေ ၁၀

ဖလမ်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အထွေထွေစကားဝိုင်းကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က မျိုးချစ်စိတ်ဓာတ်ထက်မြက်ရေးကိုလည်းကောင်း၊ခရိုင်ဥပဒေအရာရှိဒေါ်ရွှေထွေးက အမျိုးသားရေးတာဝန်အောင်မြင်ရေးကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လိုင် နယ်ကိမ်းက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ရေးကိုလည်ကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါစကားဝိုင်းသို့ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၇၀ တို့ တက်ရောက်ကြရာ အိုင်အိုဒင်းဆားများအခမဲ့ ဝေငှပေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်(၂၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်တရားရုံးချုပ် ဓမ္မာရုံ၌ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၂၇)

ဟော့ရှော့သရုပ်ဆောင်များ ပရိသတ်နှင့် မေ ၂၄ ရက်၌တွေ့မည် မေ ၂၄ ရက်ရ အမြတ်ငွေ လေဘေးအတွက် လှူဒါန်းမည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၂

မအေးအေးဝင်းစီစဉ်ပြီး လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ စင်တင်ဝင်ငွေရဇာတ်ကားဟော့ရှော့မှာ ယခုသောကြာပတ်တွင် သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင်သာမက နဝဒေးနှင့်မဟာမြိုင်ရုံများပါတိုးပြီး အောင်ပွဲခံလျက်ရှိသည်။ မုန်တိုင်းစဲသော်လည်း ဝင်ငွေမစဲဘဲ တဖွဲဖွဲဝင်နေသော ဇာတ်ကားဖြစ်သည်။ စေတနာကောင်း၍ အကျိုးပေးသန်သည်ဟု ဆိုရမည်။ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သူတို့က ဝင်ငွေအများဆုံးရရှိမည့် မေ ၂၄ ရက်(စနေနေ့) ရန်ကုန်မြို့ သမ္မတရုံနှင့် မန္တလေးမြို့ဝင်းလိုက်ရုံ၌ ပြမည့်ပွဲစဉ်မှ ရရှိမည့်အမြတ်ငွေများကို မုန်တိုင်းသင့်သူများသို့ သွားရောက်လှူဒါန်းဦးမည်ဟု သိရသည်။ ယင်းနေ့ရန်ကုန်ပွဲစဉ် ၁၀ နာရီခွဲ၊ ၁၂ နာရီခွဲ၊ ၃ နာရီခွဲပွဲများတွင် ဟော့ရှော့ဇာတ်ကား၌ပါဝင်သူ သရုပ်ဆောင်များကိုယ်တိုင် အားပေးသူပရိသတ်ကြီးအား အမှတ်တရလက်မှတ်ထိုး လက်ဆောင်ပေးဦးမည်ဟုဆိုသည်။ လပ်ကီးဆဲဗင်း၏ စေတနာမေတ္တာကြောင့် ဟော့ရှော့ဇာတ်ကားမှာ ပရိသတ်အားပေးမှုအများဆုံးနှင့် ဝင်ငွေအရဆုံးဇာတ်ကားအဖြစ် ယခုနှစ်အတွင်း စံချိန်ကျိုးပေးဦးမည်။

နိုင်ငံခြားဇာတ်ကား

နေပြည်တော်ရုံတွင် 10000 BCဇာတ်ကားပြသနေပြီးရှေ့ဆောင်

ရုံတွင် Vantage Point ဇာတ်ကားပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် မင်းသားအာဂျေးဒေ့ဂန်၊ ဆူနီးလ်ရှက်တီးတို့ ခေါင်းဆောင် ပါဝင်ထားသော Qayamat အက်ရှင် အသားပေးဇာတ်ကား ရုံဝင်လာသည်။ တေးဂီတအက၊ အလှနှင့် အချစ်အကြမ်း ပေါင်းစပ်ထားသော ရသစုံ ဇာတ်ကားဖြစ်သည်။ ဆုထူးပန်ရုံတွင် Rakshak ဇာတ်ကားပြသနေသည်။ ယင်း ဇာတ်ကားတွင်လည်း အက်ရှင်မင်းသား ဆူနီးလ်ရှက်တီး၊ ကရစ်ရှမာကာပူးရ်တို့ အဓိက ပါဝင်ထားသည်။ အရာရာတွင် ငွေမျက်နှာတစ်ခုတည်းကိုသာကြည့်ကာ တရားဥပဒေကို အန်တုမိုက်တွင်းနက်နေသူ ငွေစက္ကူ အတုဂိုဏ်းကို ဥပဒေအရ အရေးယူဖြေရှင်းလိုက်သော ရဲအရာရှိတစ်ဦး၏ သက်စွန့်ဆံဖျား စွန့်စားခန်းများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် မင်းသားချော ရီသစ်ရိုရှမ်း၊ မင်းသမီးချော ကရီနားကာပူးရ်၊ ရမ်နီးမူကာဂျီးတို့ ပါဝင်ထားသည့် ကိုယ့်ကို သူငယ်ချင်းလို့ ခေါ်ပါအမည်ရ Mujhse dosti karoge ဇာတ်ကား ရုံဝင်လာသည်။

ဟော့ရှော့ မမများဖြစ်သော မို့မို့မြင့်အောင်နှင့် မေသန်းနုတို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

မေ ၁၈ ရက်က နဝဒေးရုံတွင် ဟော့ရှော့ သရုပ်ဆောင်များနှင့် ဟော့ရှော့ပရိသတ် ရင်းရင်းနှီးနှီး။

ပန်းသုံးပွင့်၏ ချစ်အိပ်မက်ဇာတ်ကားမှ မို့မို့မြင့်အောင်နှင့် စိုးမြတ်သူဇာ။

ပန်းသုံးပွင့်ဆက်လက်ပြသ

ရွှေဗဟိုရုံ၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၏ **ပန်းသုံးပွင့်၏ ချစ်အိပ်မက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားဆက်လက်ပြသနေသည်။

အမှန်တရား

စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဒါရိုက်တာ ဝင်းထွန်းထွန်း၏ **အမှန်တရား** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ပြသနေဆဲဖြစ်သည်။ **အမှန်တရား**ဇာတ်ကားတွင် ကျော်ရဲအောင်၊ မင်းဟိဏ်း၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ခင်ပပလှိုင်နှင့် ဝိုင်းစုခိုင်သိန်းတို့ အဓိက ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

ကယ်ဆယ်ရေးပစ္စည်းများ လေဘေးသင့်ခံရသူများထံ တိုက်ရိုက်ရောက်ရှိ ဘိုကလေးမြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ကွင်းဆင်းရေးသားသူ- မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ဘိုကလေး မေ ၂၂

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဘိုကလေးမြို့ကိုရောက်တော့ မိုးကသည်းထန်စွာ ရွာနေချိန်ဖြစ်သည်။ ကွပ်ကဲရေးရုံးအနီး ရောက်ချိန်၌ ရဟတ်ယာဉ်တစ်စင်း ပြန်တက်သွားသည်ကို တွေ့ရသည်။ နိုင်ငံတော်အဆင့် လူကြီးများကိုယ်တိုင် မုန်တိုင်းဒဏ်ခံရသည့် နေရာဒေသများသို့ မပြတ်တမ်းသွားလာကာ ကြီးကြပ်ကွပ်ကဲလျက် ရှိနေသည်။

ကွပ်ကဲရေးရုံးအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြင့် အလုပ်များလျက်ရှိနေကြသည့် တပ်မတော် အရာရှိများ၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများကို တွေ့ရသည်။ မြို့နယ်ဥက္ကဋ္ဌက ဘိုကလေးမြို့အတွင်း ကိုယ်တိုင် သတင်းလိုက်ယူပါဟု ဆိုသဖြင့် ကွပ်ကဲရေးရုံးမှ ဘိုကလေးမြို့အတွင်းသို့ ထွက်ခဲ့သည်။

ဘိုကလေးမြို့ အထက(၁)ကျောင်းအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းအတွင်း ရောက်ရှိရာ

ထောက်ပံ့ပေးတဲ့ ပစ္စည်းတွေနဲ့ လယ်ယာလုပ်ငန်းခွင် ပြန်ဝင်တော့မှာပါ။ ဦးဝင်းဇော် မြသိန်းတန်စင်ဝင်းရွာမှ လေဘေးသင့်ခံရသူ။

ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဘိုကလေးမြို့နယ် ပညာရေးမှူး ဦးစိုးလွင်ကို တွေ့ဆုံမေးမြန်းခဲ့သည်။

"အခုအချိန်မှာ လေဘေးသင့်သူတွေကို ရေသန့်၊ ဆန်၊ အဝတ်အထည်၊ ဆေးဝါး၊ ငါးသေတ္တာစတဲ့ စားနပ်ရိက္ခာနဲ့ လူသုံးကုန် ပစ္စည်းတွေဝေငှပေးနေပါတယ်။ ဒါ့အပြင် ဒီကယ်ဆယ်ရေးစခန်း အတွင်းမှာရှိတဲ့ လေဘေးသင့် ခံရသူတွေကို စောင်၊ ခြင်ထောင်အပြင် စေတနာရှင်ပြည်သူတွေက လာလှူတဲ့ ပစ္စည်းတွေလဲ တိုက်ရိုက်လှူဒါန်းခွင့် ရရှိပါတယ်"ဟု ဖြေကြားသည်။

ထို့အပြင် နိုင်ငံတော်က လေဘေးသင့်ခံရသူတွေကို ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည့် ထောက်ပံ့မှုနှင့် ဖြည့်ဆည်းပေးမှုကိုလည်း **"လေဘေးသင့်ခံရသူတွေကို နိုင်ငံတော်က ပြန်လည်ထူထောင်ရေးအတွက် အမိုး၊ အကာတွေဖြစ်တဲ့ သွပ်၊ မိုးကာဖျင်၊ ဆန်စတဲ့ ပစ္စည်းတွေ ထောက်ပံ့ပေးနေသလို လယ်ယာလုပ်ငန်းခွင်ဝင်မယ့် လယ်သမားတွေအတွက်မျိုးစပါး၊လယ်ယာလုပ်ကိရိယာတွေ စီစဉ်ပေးမှာပါ"** ဟုဦးစိုးလွင်ကဆက်လက်ရှင်းပြသည်။

ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့်ခံရသည့်နေရာများမှာ ဘိုကလေးမြို့နယ် တောင်ဘက်ခြမ်း ကျေးရွာအုပ်စု ၁၂အုပ်စုဖြစ်ပြီး ယင်းနေရာများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ပစ္စည်းများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြန့်ဝေပေးလျက်ရှိသည်။

ထို့နောက် ဘိုကလေး အထက(၁) ကျောင်း ကယ်ဆယ်ရေးစခန်းအတွင်း နေထိုင်သူ မြသိန်းတန်စင်ဝင်းရွာမှ လေဘေးသင့်ခံရသူ ဦးဝင်းဇော်နှင့် တွေ့ဆုံမေးမြန်းရာ **"ဒီကယ်ဆယ်ရေးစခန်းမှာတော့ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ အိုးခွက်နဲ့စားနပ်ရိက္ခာတွေ ရရှိပါတယ်။ စားရေးသောက်ရေး အတွက်လဲ ဆန်နဲ့ရေသန့်တွေ ပေးထားလို့ ချက်ပြုတ်စားရတာ အဆင်ပြေပါတယ်။ အခုဆိုရင် မိုးကျလာပြီဆိုတော့ လယ်ယာလုပ်ငန်းခွင်ပြန်ဝင်ရမှာမို့ နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ ပစ္စည်းတွေနဲ့ ငွေကြေးတွေကို အသုံးပြုပြီး ပြန်ထူထောင်ရေး လုပ်ရတော့မှာပါ"**ဟု ဖြေကြားသည်။

နိုင်ငံတော်က လေဘေးသင့်ကျေးလက်ပြည်သူများအတွက် ကျေးလက်သုံးကိရိယာများဖြစ်သည့် ဓားမ၊ တောရှင်းဓား၊ ပုဆိန်၊ ရဲဒင်း၊ တူ၊ ငမန်းလွှစသည့်ပစ္စည်းများကိုလည်း ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့်ကျေးရွာ

လေဘေးသင့်ခံရသူများအား ကယ်ဆယ်ရေး စခန်းအတွင်း အထပ်သားများ သယ်ဆောင်ဖြည့်ဆည်း ပေးနေသည်ကို ဤသို့တွေ့ရသည်။

များအား ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိနေပြီ ဖြစ်သည်။

တစ်ဖန်ကယ်ဆယ်ရေးစခန်းအတွင်း နေထိုင်သူပျဉ်ဘိုးကြီးကျေးရွာမှ မညို့ခင်အားမေးမြန်းရာ **"ကျွန်မတို့မိသားစုက ငါးဦးပါ၊ လေဘေးသင့်ပြီး အိမ်လဲပျက်စီးခဲ့လို့ ဒီကယ်ဆယ်ရေး စခန်းကို ရောက်လာတာပါ။ ဒီမှာဆန်၊**

လယ်သမားတွေအတွက် မျိုးစပါး လယ်ယာလုပ် ကိရိယာတွေ စီစဉ်ပေးမှာပါ။ ဦးစိုးလွင် ဘိုကလေးမြို့နယ်ပညာရေးမှူး။

ခေါက်ဆွဲခြောက်၊ ဒန်အိုး၊ ဒန်ခွက်နဲ့ အဝတ်အထည်တွေ ရရှိပါတယ်။ အလှူရှင်တွေကပေးတဲ့ အဝတ်အထည်နဲ့ အစားအစာတွေလဲ ရပါတယ်။ ချက်ပြုတ် စားသောက်ရတာလဲ အဆင်ပြေပါတယ်။ ကျန်းမာရေးအတွက်လဲ အခမဲ့ကုသပေးပါတယ်"ဟု ဖြေကြားသည်။

ထို့နောက် ဘိုကလေးမြို့အတွင်းသို့ ထွက်လာခဲ့ပြန်သည်။ ဘိုကလေးမြို့တွင် လေဘေးခံရသဖြင့် အိမ်အမိုးများပွင့်ထွက်ပျက်စီးနေမှုများ ပြင်ဆင်နေသည်ကို နေရာတိုင်း၌တွေ့ရသည်။ တူထုသံများ၊ သွပ်မိုးနေသည့် အသံများကိုလည်း လမ်းတိုင်းကြားရသည်။ ဘိုကလေးမြို့အတွင်းရှိ လမ်းများအားလုံးရှင်းလင်းပြီးဖြစ်ရာ သွားလာရေးမှာ အခက်အခဲမရှိ သွားလာနိုင်ကြပြီဖြစ်သည်။ ဘိုကလေးမြို့ ပထမလမ်း၊ ဒုတိယလမ်းနှင့် တတိယလမ်းမကြီးများ ဝဲယာ၌ သွပ်အသစ်များဖြင့် အစားထိုး မိုးနေကြသူများကို တွေ့ရသည်။

ဘိုကလေးအထက(၂)ကျောင်းရှေ့ ရောက်သောအခါ ပစ္စည်းများ သယ်ယူနေကြသည်ကိုတွေ့သဖြင့် ဝင်ရောက်လေ့လာကြည့်ရာ လေဘေးသင့်ခံရသူများ၊ ဘုန်းတော်ကြီးကျောင်းများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ယူ ဖြန့်ဖြူးပေးနေသည့် ဒုအရာခံဗိုလ်ခင်မောင်ဦးအား မည်သည့်ပစ္စည်းများ ဖြန့်ဝေပေးနေသည်ကို မေးမြန်းရာ **"လေဘေးသင့်ခံရသူတွေကို သွပ်၊ ရေသန့်၊ တာပေါ်လင်စ၊ စောင်၊ ဆန်၊ ပဲ၊ ပုဆိုး၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆေးမျိုးစုံ၊ ထိုင်းနိုင်ငံမှ လှူဒါန်းတဲ့ ပစ္စည်းများ၊ အိမ်ရိုက်သံဆိုဒ်စုံ၊ ရွက်ဖျင်တဲ၊ ရေသန့်စက်၊ မီးစက်၊ ငါးသေတ္တာ၊ မုန့်မျိုးစုံ**

ဘိုကလေးမြို့အတွင်း အိမ်အမိုးနှင့် ပျက်စီးနေမှုများ ပြင်ဆင်နေကြသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ဘိုကလေးမြို့ ကျေးရွာများရှိ လေဘေးသင့် ခံရသည့် ဘုန်းတော်ကြီးကျောင်းများအား ကယ်ဆယ်ရေး ပစ္စည်းများ ပေးဝေနေသည်ကို ဤသို့တွေ့ရသည်။

စတဲ့ပစ္စည်းတွေ ဖြန့်ဝေပေးနေတာပါ။ ဒီပစ္စည်းတွေကို ဘိုကလေးမြို့နယ်အတွင်းက ကျေးရွာတွေနဲ့ ဘိုကလေး မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ပေါင်း ကိုးရပ်ကွက်က လေဘေးသင့်ခံရသူတွေကို ထောက်ပံ့ပေးနေပါတယ်။ ဒီပစ္စည်းတွေက နိုင်ငံတော်နဲ့ အလှူရှင်ပေါင်းစုံက လှူဒါန်းထားတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ ပိတ်ရက်မရှိ ဖြန့်ဝေပေးနေတာမို့ လေဘေးသင့်ခံရသူတွေ လက်ထဲမြန်မြန်ရောက်အောင် ကြိုးစားပေးနေခြင်းဖြစ်ပါတယ်"ဟုဖြေကြားသည်။

ထို့နောက် လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအား ဆန်အိတ်များ လှူဒါန်းနေမှုကို ရပ်ကြည့်နေမိသည်။ ဆန်အိတ်များကို တပ်မတော်သားများနှင့် စေတနာရှင် လုပ်အားပေးသူများက ဝိုင်းဝန်းသယ်ပိုးပေးကာ ဆိုက်ကားများပေါ်တင်ပေးနေသည်ကို တွေ့ရသည်။

ဘိုကလေးမြို့တွင်း၌ လေဘေးသင့်ခံရသူများအား ကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေပေးနေမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများဖြင့် လှုပ်လှုပ်ရှားရှား ရှိနေသည်ကို မြင်တွေ့ရပါကြောင်း။ ။

ဒီပစ္စည်းတွေကို ဘိုကလေးမြို့နယ်အတွင်းက ကျေးရွာတွေနဲ့ ဘိုကလေးမြို့ ပေါ်မှာရှိတဲ့ ရပ်ကွက်ပေါင်း ကိုးရပ်ကွက်က လေဘေးသင့်ခံရသူတွေကို ထောက်ပံ့ပေးနေပါတယ်။ ဒီပစ္စည်းတွေက နိုင်ငံတော်နဲ့ အလှူရှင်ပေါင်းစုံက လှူဒါန်းထားတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ ပိတ်ရက်မရှိ ဖြန့်ဝေပေး နေတာမို့ လေဘေးသင့်ခံရသူတွေ လက်ထဲ မြန်မြန်ရောက်အောင် ကြိုးစားပေးနေခြင်းဖြစ်ပါတယ်။

23-5 (13).pmd 1 5/23/2008, 2:51 AM

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောငွေနှင့်ပစ္စည်းများ အမြန်ဆုံးလက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိ

ကွင်းဆင်းမေးမြန်းသူ- မြင့်မောင်စိုး
ဓာတ်ပုံ- အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာပွဲစည်းမှု- ထိန်လင်း

ရန်ကုန် မေ ၂၂

ယခုအခါ မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မုန်တိုင်းဒဏ်ခံရသော ဒေသတစ်ခုဖြစ်သည့် ကျောက်တန်းဒေသသို့ ရောက်ရှိခဲ့သည်။

ရှေးဦးစွာ အမှတ်(၁) တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်းမှ ကျောက်တန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်း ပြည်သူ့ဆက်ဆံရေးတာဝန်ထမ်းဆောင်နေသည့် ဗိုလ်မှူးတင်မောင်လွင်နှင့်ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

သော ပစ္စည်းများ ရ မရ ဆိုတာတွေ အဓိက ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ လေဘေးစကြဲပြီး ကယ်ဆယ်ရေးစခန်း ၁၆ခု ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။ အိမ်ထောင်စု ၆၅၀၀ လူဦးရေ ၂၄၅၀၀ ရှိပါတယ်။ အခုအခါမှာတော့ တချို့က ပြန်သွားကုန်ကြပါပြီ။ အိမ်ထောင်စု ၅၂၀၀၊ လူဦးရေအားဖြင့် ၁၈၀၀၀သာ ရှိပါတော့တယ်။ သူတို့ကို နိုင်ငံတော်အပိုင်းက ထောက်ပံ့တာ ရှိသလို ပုဂ္ဂလိက အလှူရှင်များကလဲ လာရောက်လှူဒါန်းပေးလျက်ရှိပါတယ်"

"လေဘေးဒဏ် ခံရသော ပြည်သူများအတွက် လှူဒါန်းသော ပစ္စည်းများ အမြန်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်"
ဗိုလ်မှူးတင်မောင်လွင်
ကျောက်တန်းကယ်ဆယ်ရေးစခန်း
ပြည်သူ့ဆက်ဆံရေးတာဝန်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက်၌ ဖွင့်လှစ်ထားရှိသည့် ကယ်ဆယ်ရေးစခန်းကို တွေ့ရစဉ်။

ကွင်းဆင်းဆောင်ရွက်ပေး

"ကျောက်တန်းမြို့နယ်မှာ လေဘေးဒဏ်ခံရတဲ့ ပြည်သူတွေကို အဓိက ကယ်ဆယ်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေတာကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြစ်ပါတယ်။ ကျွန်တော်နဲ့ အရာရှိ ၂၀ ပါဝင်တဲ့ ကကပြည် ကိုယ်စားလှယ်အဖွဲ့ဟာလဲ မြို့ပေါ် ကယ်ဆယ်ရေးစခန်းများ သာမက ကျေးရွာများအရောက် လေဘေးသင့်ပြည်သူများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး အဆင်ပြေမှု ရှိ မရှိ၊ လှူဒါန်းပေးပို့

မေ ၇ရက်က ကျောက်တန်းမြို့နယ်လေဘေးသင့်ပြည်သူများသို့ စေတနာရှင်များက အသုံးအဆောင်ပစ္စည်းများ တိုက်ရိုက်ပေးဝေ လှူဒါန်းနေသည်ကို ရွှေမော်ဝန်း သာသနာ့ဗိမာန်တော် ကယ်ဆယ်ရေးစခန်းတွင် တွေ့ရစဉ်။

ဟု ဗိုလ်မှူးတင်မောင်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မြန်ဆန်ဆန်ဖြန့်ဝေပေး

"မေ ၁၇ရက်အထိ အလှူရှင် အသီးသီးက လှူဒါန်းတဲ့ ဆန်အိတ်ပေါင်း ၂၈၇၆အိတ် လက်ခံရရှိပါတယ်။ ၂၈၂၂အိတ်အထိ လေဘေးဒဏ်ခံရတဲ့ ပြည်သူတွေကို ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် ခေါက်ဆွဲခြောက်၊ အာလူး၊ ဆီ၊ အိမ်အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ ဖိနပ်၊ အဝတ်အစားများကိုလဲ လှူဒါန်းလက်ခံမှုရရင်ရသလို မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့်ကျောက်တန်းမြို့သာသနာ့ဗိမာန်ကြီးသို့လည်းရောက်ခဲ့သည်။

ရန်ကုန် သူနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါ်ခင်မေအုန်းနှင့် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဦးတင့်ဆွေလတ်တို့၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် အထူးကုဆရာဝန်ကြီးများ၊ ဆေးကျောင်းသူ၊ ကျောင်းသားများက လေဘေးဒဏ်ခံရသောပြည်သူများအား အခမဲ့ဆေးကုသပေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်းခြင်း၊ ရေသန့်ဘူးများ၊ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများနှင့် အလွယ်တကူ စားနိုင်သော အစားအသောက်များ တိုက်ရိုက်လှူဒါန်း ပေးနေသည်ကို တွေ့ရသည်။ ထို့အပြင် ယင်းဓမ္မဗိမာန်ကြီး၌ အက်စ်အမ်အယ်လ်ကုမ္ပဏီက လေဘေးဒဏ်ခံရသော ပြည်သူများအား ရေပုံး၊ ရေခွက်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး စသော လူသုံးကုန်ပစ္စည်း ကိုးမျိုးကိုလည်း တိုက်ရိုက်လာရောက်လှူဒါန်းနေကြောင်း တွေ့ရသည်။

ထိုမှတစ်ဖန် မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးသင့် ဒုက္ခသည်စခန်းများသို့ ပစ္စည်းများ ဖြန့်ဝေပေးနေသည့် ကျောက်တန်း(မြို့မ) အလယ်တန်းကျောင်းသို့လည်း ရောက်ခဲ့သည်။

"ကျွန်တော်တို့ ဒီလေဘေးကယ်ဆယ်ရေးအဖွဲ့ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရေးကော်မတီကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပေးထားပါတယ်။ တစ်မြို့နယ်လုံးရှိ လေဘေးဒုက္ခ ကြုံရတဲ့ ကျေးရွာ ၅၄ရွာနဲ့ မြို့ပေါ် ရပ်ကွက် ခြောက်ရပ်ကွက် ရှိပါတယ်။ ဒီရပ်ကွက်နဲ့ကျေးရွာတွေကို တိုင်းအဆင့်အစီအစဉ်၊ ခရိုင်အဆင့်အစီအစဉ်၊ ပြည်ပအလှူရှင်များ လှူဒါန်းမှုများနဲ့ မြို့နယ်အလှူရှင်များ လှူဒါန်းသော ပစ္စည်းများကို နေ့ချင်း ဖြန့်ဝေပေးလျက်ရှိပါတယ်။ ယနေ့အထိ ဆန်အပါအဝင် ပစ္စည်းအမျိုးပေါင်း ၂၅မျိုး ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်" ဟု ထောက်ပံ့ပစ္စည်းဖြန့်ဖြူးရေးအဖွဲ့ အတွင်းရေးမှူး ဦးတင့်လွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ထိုမှ ဆက်လက်၍ ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက် လေဘေး ကယ်ဆယ်ရေးစခန်းသို့လည်းရောက်ခဲ့သည်။ တရုတ်နိုင်ငံမှ လှူဒါန်းထားသော ရွက်ဖျင်တဲအလုံး၄၀ဖြင့် နေထိုင်လျက်ရှိသော လေဘေးဒဏ်ခံရသည့် ပြည်သူများကို တွေ့ရသည်။

ယင်း ကယ်ဆယ်ရေးစခန်းသို့ ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လေဘေးဒဏ်ခံရသော ပြည်သူများ လာရောက်တည်းခို နေထိုင်လျက်ရှိကြောင်း၊ အိမ်ထောင်စု ၃၉စု၊ အိမ်ထောင်စုဝင် ၁၈၄ဦးရှိကြောင်း သိရသည်။

၎င်းကယ်ဆယ်ရေးစခန်း၌မိသားစုဝင်တစ်စုလျှင် ရေသန့်ဘူးကြီးတစ်လုံး၊ သုံးရေအတွက် ရွက်ဖျင်တဲနောက်တွင် စဉ့်အိုးတစ်လုံး၊ အိမ်သာရှစ်လုံး၊ ရေချိုးခန်းတစ်ခန်း ထားရှိပေးထားကြောင်း တွေ့မြင်ရသည်။

ထို့အပြင်ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနကလည်း လေဘေးဒဏ်ခံရသောပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးရန် ဆရာဝန်နှင့် ကြက်ခြေနီ၊ သူနာပြုဆရာမများ၊ ဆေးဝါးများဖြင့် ဖွင့်လှစ် ကုသပေးနေကြောင်း တွေ့ရသည်။

ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ လှူဒါန်းပေးပို့ထားသော လေဘေးကယ်ဆယ်ရေးပစ္စည်းများကို ကျောက်တန်းမြို့နယ်နှင့် ဝန်းကျင်ကျေးရွာများမှ လေဘေးသင့်ပြည်သူများသို့ ပေးအပ်စဉ်။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျောက်တန်းမြို့နယ် ဆင်ကန် လေဘေးသင့်အိမ်ထောင်စုများ ကယ်ဆယ်ရေးစခန်းတွင် ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသင်းသင်းနိုင် ဦးစီးသော ကျန်းမာရေးဝန်ထမ်းများ ဆေးဝါးကုသမှု ဆောင်ရွက်ပေးစဉ်။

ပြည်သူထံ

ယခုအခါ မုန်တိုင်းဒဏ်ခံရသော ဒေသရှိ ကယ်ဆယ်ရေး စခန်းများ၌ ရှိသောပြည်သူများအား နိုင်ငံတော်မှ ပံ့ပိုးသော ပစ္စည်းများ၊ နိုင်ငံတကာမှ လှူဒါန်းသော ပစ္စည်းများ၊ တိုင်း၊ ခရိုင်နှင့် စေတနာရှင် ပြည်သူများ လှူဒါန်းသော ပစ္စည်းအမျိုးမျိုးတို့ကို ပြည်သူများထံ အမြန်ဆုံး ရောက်ရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြ လိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

မေ ၇ရက်က ကျောက်တန်းမြို့နယ် ရွှေမော်ဝန်း သာသနာ့ဗိမာန်တော် လေဘေးသင့်ကယ်ဆယ်ရေးစခန်းတွင် ရန်ကုန်ဆေးတက္ကသိုလ်(၂) အထူးကုဆရာဝန်များအဖွဲ့မှ အခမဲ့ဆေးဝါးကုသလှူဒါန်းပြီး အသုံးအဆောင်ပစ္စည်းများပါ တိုက်ရိုက်ဝေငှလှူဒါန်းပေးအပ်စဉ်။

မလေးရှား ဝန်ကြီးချုပ်ဟောင်း ယူအမ်အင်နိုပါတီမှ နုတ်ထွက်

ကွာလာလမ်ပူ မေ ၂၂

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ယူအမ်အင်နိုပါတီမှ သူနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း မေ ၂၀ရက်က ပြောကြားလိုက်သည်။ ရွေးကောက်ပွဲတွင် သူ့ပါတီအနေဖြင့် ထောက်ခံမှုရသင့်သလောက် မရသဖြင့် ကန့်ကွက်သည့်အနေဖြင့် ပါတီမှနုတ်ထွက်ခြင်းဖြစ်ပြီး အလားတူပင် ပါတီခေါင်းဆောင်ပိုင်းမှ နုတ်ထွက်ကြရန်လည်း မဟာသီယာမိုဟာမက်က တိုက်တွန်းလိုက်သည်။ လက်ရှိဝန်ကြီးချုပ် အဗ္ဗဒူလ်ဘာဒါဝီ ရာထူးမှ မထွက်မချင်း သူ့အနေဖြင့် ပါတီသို့ပြန်ဝင်မည်မဟုတ်ဟုလည်း ဒေါက်တာမဟာသီယာမိုဟာမက်က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် ပူနွေးလာမှု ဟာရီကိန်းမုန်တိုင်းများ ဖြစ်ပေါ်မှုတိုးလာနိုင်

ဝါရှင်တန် မေ ၂၂

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဟာရီကိန်းနှင့် အပူပိုင်းမုန်တိုင်းများဖြစ်ပေါ်မှု ယခုရာစုနှစ်အကုန်ပိုင်းတွင် များလာစေနိုင်ကြောင်း အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

ရေးသားဖော်ပြ

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ဟာရီကိန်း မုန်တိုင်းများ(ယာပုံ) ပို၍ဖြစ်ပွားလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ၎င်း သုတေသန ပညာရှင်များ၏ တွေ့ရှိချက်ကို သဘာဝသိပ္ပံ ဂျာနယ်တွင် ရေးသား ဖော်ပြထားခြင်းဖြစ်သည်။

ယင်းလေ့လာတွေ့ရှိချက်များသည် လူ့ပယောဂကြောင့် ဖြစ်ပေါ်ပြောင်းလဲလာသော ရာသီဥတုမှာ ဟာရီကိန်းနှင့် အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်မှု တိုးလာကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုထိန်းချုပ်ရေး အဖွဲ့က ပြောကြားသည်။



ရောက်ရှိလာနိုင်

အဆိုပါ လေ့လာတွေ့ရှိချက်ကြောင့် အတ္တလန္တိတ်သမုဒ္ဒရာတွင် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်မှုအကြိမ် များလာနိုင်သည်။ သို့သော်လည်း ထူးခြားသော ရာသီဥတုဖြစ်စဉ်များသည် အားကောင်းသော မုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်သည်။

ပင်လယ်ရေမျက်နှာပြင် အပူချိန် ၁ဒသမ ၈ဖာရင်ဟိုက်ရှိတိုင်း မုန်တိုင်းအဖြစ် အားကောင်းလာမှုမှာ ၄ရာခိုင်နှုန်းရှိကြောင်း သိပ္ပံပညာရှင်များ ယခင်က လေ့လာသိခဲ့ကြသည်။

အကြောင်းရင်း

ပင်လယ်ရေမျက်နှာပြင် စံအပူချိန် ၇၉ ဒသမ ၇ဖာရင်ဟိုက်အထက်ရှိလာလျှင် မုန်တိုင်းဖြစ်ပေါ်ရန် အဓိက အကြောင်းရင်းများထဲမှ တစ်ခုဖြစ်လာသည်။

လက်ခံယုံကြည်

လွန်ခဲ့သော ဆယ်စုနှစ်များက အပူပိုင်းသမုဒ္ဒရာများသည် ၀ ဒသမ ၉ ဖာရင်ဟိုက်ရှိလာလျှင် ပင်လယ်ရေမျက်နှာပြင် ပူနွေးလာသည်ဟုဆိုသည်။ ကမ္ဘာ့လေထုအတွင်း ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များ တိုးပွားလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာစေကြောင်း ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက လက်ခံယုံကြည်ထားကြသည်။

(အင်တာနက်)

လမ်းပြင်အလုပ်သမား ၂၀၀ ကျော် စီချွမ်ပြည်နယ်၌ မြေပိခံကြရ

ပေကျင်း မေ ၂၂

မေ ၁၂ရက်က စီချွမ်ပြည်နယ် မြေငလျင်ကြောင့် ပျက်စီးသွားသည့် လမ်းများကို ပြင်ဆင်နေကြစဉ် အလုပ်သမား၂၀၀ကျော်တို့ ရုတ်တရက် ရွံ့ညွှန်များစီးဆင်းလာမှုကြောင့် လွန်ခဲ့သည့် နှစ်ရက်အတွင်းတွင် မြေပိခံကြရကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအရာရှိ တိုက်တုန်ချန်းက မေ ၂၀ရက်က ပြောကြားသည်။

ရွံ့ထဲမြုပ်နေ

မြေပိသည့် အလုပ်သမားအားလုံး သေမသေ မသိရသေးသည့်အတွက် လောလောဆယ် အတည်ပြုမပြောနိုင်ပေ။ ဆောက်လုပ်ရေးစက်ယန္တရားနှစ်ခုနှင့် မော်တော်ယာဉ်ခြောက်စီးတို့လည်း ရွံ့ထဲမြုပ်နေကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြေငလျင်ဗဟိုချက်မဒေသနှင့် ပြင်ပဒေသများကိုဆက်သွယ်သည့် လမ်းမကြီးသုံးခုကိုကယ်ဆယ်ရေးလုပ်သားများက အသက်နှင့်ရင်း၍စွန့်စွန့်စားစားပြုပြင်နေကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကျားသူပုန်စခန်းများတိုက်မှု သူပုန် ၆၁ဦးသေဆုံးရ

ကိုလံဘို မေ ၂၂

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း သူပုန်စခန်းများကို နေ့စဉ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှ တိုက်ခိုက်နေသည့်ကြားမှ မေ၁၈ရက်တွင် သီရိလင်္ကာစစ်တပ်က ထိုစခန်းများကို တိုက်ခိုက်သည့်အတွက် တမီးလ်ကျားသူပုန် ၆၁ဦးသေဆုံးကြောင်း စစ်ဘက်က မေ၁၉ရက်တွင် ကြေညာသည်။

တိုက်ခိုက်ခြင်းဖြစ်

မြို့တော် ကိုလံဘို၌ မေ ၁၆ရက်က လူ၁၁ဦးသေဆုံးစေသည့် သူပုန်တို့၏ အသေခံတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အထက်ပါအတိုင်း အစိုးရတပ်က တိုက်ခိုက်ခြင်းဖြစ်သည်။ မေ ၁၉ရက်က တိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ၁၅ဦးသေဆုံးသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ပွားမှုကြောင့် တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်စစ်လေယာဉ် ဗင်နီဇွဲလားပိုင်နက်ကျူးကျော်

ဝါရှင်တန် မေ ၂၂

မူးယစ်ဆေးဝါး နှိမ်နင်းရေးဆိုင်ရာ အမေရိကန်ရေတပ်စစ်လေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းစဉ် ဗင်နီဇွဲလားနိုင်ငံပိုင် လေကြောင်းပိုင်နက်အတွင်း မေ၁၇ရက်ညက လမ်းကြောင်းမှား ရောက်ရှိသွားကြောင်း အမေရိကန်စစ်ဌာနချုပ်မှ အရာရှိတစ်ဦးက ပြောကြားသည်။

ရှင်းလင်းချက်တောင်း

မည်သို့ဖြစ်ရသည်ကို အမေရိကန်ရေတပ်အရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဗင်နီဇွဲလားနိုင်ငံက အမေရိကန်သံအမတ်ကြီးအားရှင်းလင်းချက် တောင်းထားသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ငှက်ကောင်ရေကျဆင်းမှု ပိုမိုမြန်ဆန်လာ

လန်ဒန် မေ ၂၂

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့ငှက်ကောင်ရေလျော့ကျမြန်ဆန်လာလျက်ရှိကြောင်း အမေရိကန်နိုင်ငံအခြေစိုက် နိုင်ငံတကာ ငှက်လေ့လာရေးအဖွဲ့ အိုင်ယူစီအင်န်က သတိပေးပြောကြားလိုက်သည်။

နည်းပါးလာ

မိုးခေါင်မှုများ ကာလရှည်ကြာ ဖြစ်ပေါ်မှုနှင့်ရာသီဥတုဆိုးရွားမှုကြောင့် ငှက်များ ပေါက်ပွားမှု နည်းပါးလာကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ် ၁၂၂၆မျိုးသာ ရှိတော့ကြောင်း၊ ငှက်မျိုးစိတ်အားလုံး၏ ရှစ်ပုံတစ်ပုံမှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ၎င်းအဖွဲ့က ဆက်လက် ပြောကြားသည်။

ရင်ဆိုင်နေရ

ယင်းငှက် လေ့လာရေးအဖွဲ့သည် လေးနှစ်တစ်ကြိမ် ငှက်လေ့လာရေး ကြေညာချက် ထုတ်ပြန်ကြေညာလေ့ရှိသည်။ ယင်းအဖွဲ့၏ ကြေညာချက်တွင် ကမ္ဘာပေါ်ရှိ ငှက်ရှစ်မျိုးမှာ မျိုးသုဉ်းပျောက်ကွယ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။ ၎င်းမျိုးသုဉ်း ပျောက်ကွယ်တော့မည့် ငှက်ရှစ်မျိုးတွင် ဂါလာပါဂို့စ်ကျွန်းငယ်နှစ်ခု၌ အသံမျိုးစုံအော်မြည်တတ်သော ဖလောရီယာနာ မြေလူးငှက်များလည်း အပါအဝင်ဖြစ်သည်။

ခန့်မှန်း

အဆိုပါငှက်မျိုးသည် ၁၉၆၀ပြည့်လွန်နှစ်များက ဂါလာပါဂို့စ်ကျွန်းများတွင် ခန့်မှန်းခြေကောင်ရေ ၁၅၀ခန့်ရှိရာမှ ယခုအခါ ကောင်ရေ ၆၀ခန့်သာ ရှိတော့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ကမ္ဘာလှည့်တို့ကို ဆွဲဆောင်နေသည့် ဆေးရှဲလ်နိုင်ငံ

သတင်းအက်ဆေး

ဆေးရှဲလ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာ အနောက်ပိုင်းဒေသတွင် တည်ရှိသည်။ လွတ်လပ်ရေးရပြီးစတွင် နိမိတ်မကောင်းသည့် အာဏာသိမ်းမှု၊ ကြေးစားစစ်သားများဖြင့် ကျူးကျော်မှုသည် မအောင်မြင်သော တပ်တွင်းပုန်ကန်မှု၊ အာဏာသိမ်းရန် ကြိုးပမ်းမှုများ ကြုံတွေ့ပြီးနောက် ဤနိုင်ငံ၌ တည်ငြိမ်မှုနှင့် ချမ်းသာကြွယ်ဝမှုတို့ ကြုံတွေ့ခံစားလာရပြီ ဖြစ်သည်။

ယခုအခါတွင် ဆေးရှဲလ်နိုင်ငံသည် ဝင်ငွေကောင်းသည့်အပြင် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကောင်းစွာ ပညာသင်ကြားရေးကိုပါ ရရှိနေကြပြီ ဖြစ်သည်။

သိမ်းပိုက်

ပေါ်တူဂီ နယ်ပယ်သစ်ရှာဖွေသူ ဗတ်စကိုဒဂါးမားသည် ဆေးရှဲလ်ကျွန်းများကို ၁၅၀၂ခုနှစ်တွင် တွေ့ရှိသည်။ ၁၇၆၈ခုနှစ်တွင် ပြင်သစ် စိုက်ပျိုးရေးသမားများနှင့် ၎င်းတို့၏ ကျွန်များ ဆေးရှဲလ်တွင် စတင်အခြေချသည်။ ၁၇၉၄ခုနှစ်တွင် ဗြိတိန်က သိမ်းပိုက်လိုက်သည်။

၁၉၆၄ခုနှစ်တွင် နိုင်ငံရေးပါတီများ စတင်ဖွဲ့စည်းသည်။ ဖရန့်အဲလ်ဘတ်ရီနီ၏ ဆိုရှယ်လစ် ဆေးရှဲလ်ပြည်သူ့ညီညွတ်ရေးပါတီနှင့် ဂျိမ်းမန်ချမ်း၏ ဆေးရှဲလ်ဒီမိုကရက်တစ်ပါတီတို့ ပေါ်ပေါက်လာသည်။ ၁၉၆၆-၁၉၇၀ ခုနှစ်များတွင် ဆေးရှဲလ် ဒီမိုကရက်တစ်ပါတီက ရွေးကောက်ပွဲ အနိုင်ရသည်။

အာဏာသိမ်း

၁၉၇၆ခုနှစ်တွင်လွတ်လပ်ရေးရသောအခါ ညွန့်ပေါင်းအစိုးရအုပ်ချုပ်သည်။ သမ္မတဂျိမ်းမန်ချမ်း၊ ဝန်ကြီးချုပ် ဖရန့်ရီနီ တာဝန်အသီးသီးယူသည်။ ၁၉၇၇ ခုနှစ်တွင် အပြင်ပန်းအားဖြင့် ဖရန့်ရီနီမသိဘဲ သူ့ကို ထောက်ခံသူများက သမ္မတမန်ချမ်းအား ဖြုတ်ချ အာဏာသိမ်းပြီးနောက် ဖရန့်ရီနီကို သမ္မတတင်လိုက်သည်။

ထိန်းနိုင်

၁၉၇၈ခုနှစ်တွင် သမ္မတဖရန့်ရီနီက ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲကာ တစ်ပါတီစနစ် ကျင့်သုံးသည်။ ၁၉၈၁ခုနှစ်တွင်တောင်အာဖရိကအခြေစိုက်သည့် ကြေးစားစစ်သည်များက မန်ချမ်းအား ပြန်လည်တင်ရန် ကြိုးပမ်းသော်လည်း တန်ဇန်းနီးယားတပ်များ၏ အကူအညီဖြင့် ရီနီက ချေမှုန်းလိုက်သည်။ ၁၉၈၂ခုနှစ်တွင် တပ်တွင်းပုန်ကန်မှုကိုလည်း ထိန်းနိုင်သည်။

၁၉၉၁ခုနှစ်တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပသောအခါ သမ္မတရီနီပြန်လည် အရွေးခံရသည်။ ၁၉၉၈ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် အမတ်နေရာ ၃၄ နေရာအနက် နေရာ၃၀ကို ရီနီ၏ ဆေးရှဲလ်တိုးတက်ရေး ပြည်သူ့တပ်ဦးက အနိုင်ရသည်။

အနိုင်ရ

၂၀၀၁ခုနှစ် စက်တင်ဘာရွေးကောက်ပွဲတွင် သမ္မတရီနီကို ထပ်မံရွေးချယ်တင်မြှောက်သည်။ ၂၀၀၄ခုနှစ် ဧပြီလတွင် သမ္မတရီနီ နုတ်ထွက်ပြီး ဒုတိယသမ္မတဟောင်း ဂျိမ်းမစ်ချယ် အစားထိုး တာဝန်ယူသည်။ ၂၀၀၆ ခုနှစ် ဇူလိုင်လ သမ္မတရွေးကောက်ပွဲတွင် သမ္မတမစ်ချယ် အနိုင်ရသည်။ ၂၀၀၇ခုနှစ် မေလရွေးကောက်ပွဲတွင် အာဏာရ ဆေးရှဲလ် တိုးတက်ရေးပြည်သူ့တပ်ဦး (အက်စ်ပီပီအက်ဖ်) ပါတီပင် အနိုင်ရသည်။



ကြေညာ

၂၀၀၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူ သမ္မတမစ်ချယ်အနေဖြင့် သမ္မတသက်တမ်းငါးနှစ်အတွင်းတွင် ပိုမိုပွင့်လင်းပြီး စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကစီးပွားရေးကို အားပေးမည်ဟု ကြေညာထားသည်။

ဆေးရှဲလ်နိုင်ငံ စီးပွားရေးမှာ ငါးဖမ်းလုပ်ငန်းနှင့် အဆင့်မြင့် ခရီးသွားလုပ်ငန်းတို့အပေါ်တွင် အဓိက မှီခိုနေသည်။ ခရီးသွားလုပ်ငန်းမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွား ဈေးကွက်ကို ကျားကန်ရန် အားနည်းနေသည်ဟု ဆိုနိုင်သော်လည်း ဤနိုင်ငံ၏ သာယာကြည်လင်သော ပင်လယ်ကမ်းခြေများနှင့် စိမ်းပြာရောင် ပင်လယ်၏ အလှအပက ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်ဖမ်းစားထားနိုင်မည် ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့လိပ်ကြီးများ၊ ပင်လယ်လိပ်များအပါအဝင် ရှားပါးသတ္တဝါများမှာလည်း ကမ္ဘာလှည့်ခရီးသည်များအဖို့ လေ့လာမကုန်နိုင်သည့် အရာများပင် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တို့-ရေးသားသည်

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာသင်သားများအတွက် Student's Companion စာစဉ်ထုတ်ဝေပါမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူ၊ ကျောင်းသားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၈ခုနှစ် ဇွန်လဆန်းမှစတင်၍ ပြန်လည်ထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူ ဇွန်လမှ နိုဝင်ဘာလအထိ ခြောက်လတာကာလအတွင်း မူလတန်း (သူငယ်တန်းမှ စတုတ္ထတန်း) အတွက် တစ်စောင်၊ အလယ်တန်း (၅၊ ၆၊ ၇၊ ၈-တန်း)အတွက် တစ်စောင်၊ အထက်တန်း (၉ တန်းနှင့် တက္ကသိုလ်ဝင်တန်း)အတွက် တစ်စောင် တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပုံမှန်ထုတ်ဝေပါမည်။ စောင်ရေအကန့်အသတ်ဖြင့် ရိုက်နှိပ်ဖြန့်ချိမည်ဖြစ်ပါ၍ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၂၂၂၆၊ ၃၉၂၃၀၄တို့သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

အမည်ပြောင်း

အဖဦးခင်မောင်ဇံ၏သမီး စစ်တွေမြို့ အမက (၁၅) စတုတ္ထတန်းမှ မခိုင်မြတ်သူအား ယနေ့မှစ၍ မပြည့်မြတ်နိုးထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မပြည့်မြတ်နိုးထွန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးမိတ်မြို့နယ်၊ မိုးဟောက်ကျေးရွာ အုပ်စု ဘော်ဒေကျေးရွာနေ ဦးဝှန်ဆန်(ခ)ဦးယောဝိ ၁၃/နမတ (နိုင်) ၀၂၆၁၀၉သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးဝှန်ဆန်(ခ)ဦးယောဝိ။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၈၃၈၅ Honda C90 Custom cmv ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ခိုင်ဦး မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၈၈၂၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မတလ/၅၇၈၃၄ Kenbo110ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးစိုးသန်း ၉/မမန(နိုင်) ၀၅၀၇၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်မြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၃၈၈၄ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် မှတ်ပုံတင်အမှတ် ၉/မတရ (နိုင်)၀၆၇၀၇၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)၊ မန္တလေးမြို့။

အမည်ပြောင်း

အဖဦးလှထွန်း၏ သမီး တောင်သာမြို့ အထက ဖက်တော အဋ္ဌမတန်း (B)မှ မခိုင်ပွင့်ဖြူအား မကျော့ကျော့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မကျော့ကျော့ခိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၆၈၉၂ Toyota Hilux P/U ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရွှေ မှတ်ပုံတင်အမှတ် YKI-၀၆၃၄၉၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)။**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ဆဋ္ဌမတန်း(ခ)မှ မောင်လဘူအောင်လ၏ ဖခင်အမည်မှန်မှာ ဦးလတောင် ၁/မကန(နိုင်) ၀၂၄၁၇၂ ဖြစ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၉၅၀ Anbo 125ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း မှတ်ပုံတင်အမှတ် ၅/စကန(နိုင်)၀၃၆၀၇၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) အမှုပြီး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (စစ်ကိုင်းမြို့)။**

မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၇ လမ်း၊ အမှတ် ၁၄၉ နေ ဒေါ်မမလေး၏ မွေးစားသမီးဖြစ်သူ မယဉ်ယဉ်ချို (ခ) မိငယ် (ခ) ဆုနဒီအောင် နိုင်ငံသား စိစစ်ရေးကတ် အမှတ် ၁၂/ကတတ(နိုင်) ၀၀၀၃၁၈ သည် မွေးစား မိခင်၏ ခွင့်မလွှတ်နိုင်သော ကိစ္စကို ပြုမူကျူးလွန်ပါသဖြင့် အမွေစားအမွေခံ သမီးအဖြစ် မွေးစားထားခြင်းကို ယနေ့မှစ၍ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

မွေးစားမိခင်-ဒေါ်မမလေး

၁၂/ကတတ(နိုင်)၀၁၆၉၆၉။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၂ရပ်ကွက်၊ ၃၄လမ်း၊ အမှတ် ၁၆၇နေ ဦးကျော်ထွေး-(ဒေါ်ခင်လှ)တို့၏သမီး လက်ဖြစ်သူ မယဉ်ယဉ်ချို(ခ) မိငယ်(ခ) ဆုနဒီအောင် ၁၂/ကတတ(နိုင်)၀၀၀၃၁၈ သည် မိဘ၏ ဂုဏ်သိက္ခာ ကျဆင်းညှိုးနွမ်းအောင်ပြုလုပ်ခြင်းနှင့် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိ၏ သဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ ယနေ့မှစ၍ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးကျော်ထွေး ၁၂/ကတတ(နိုင်)၀၀၈၆၃၁။

အများသိစေရန်

ကျွန်တော်ဦးရဲထွန်း မှတ်ပုံတင်အမှတ် ၁၂/ဥကမ(နိုင်)၀၂၀၆၀၆ ပိုင်ဆိုင်သော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် က/ရပ်ကွက် နွယ်သာကီ ၇ လမ်း၊ အမှတ် ၃၁၆/က ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်(ထပ်ခိုးပါ)အိမ်အား ကျွန်တော် မသိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ရပါ။

အကယ်၍ ကျွန်တော်မသိဘဲ မည်သူတစ်ဦးတစ်ယောက်က ရောင်းဝယ်၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူခံရမည် ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ **ဦးရဲထွန်း**

၁၂/ဥကမ(နိုင်)၀၂၀၆၀၆။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

မိတ္ထီလာခရိုင်တရားမရုံးတော်၌

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၁

မြန်မာ့စီးပွားရေးဘဏ် သာစည်မြို့	နှင့်	၁။ ဦးမြင့်လွင် ၂။ ဒေါ်စန်းစန်းဝင်း
တရားနိုင်		**တရားရှုံးများ**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၃၁၉တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဇွန် ၅ရက်(၁၃၇၀ပြည့်နှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့ ဟံဇားကျေးရွာ ကွင်းအမှတ် (၁၆၈၃/ဟံဇားတောင်)ဦးပိုင်အမှတ် (၂၉၃)၊ ဧရိယာ ၀၁၃၁မ၂၂၉ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၁၈)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်တိုက် တွဲလျက်(၂၂×၁၈)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းအဖီ (၈×၅×၅) ပေနှင့် (၈×၅×၃) ပေ အုတ်ကန် နှစ်လုံး။

လေလံကြမ်းခင်းဈေးကျပ် ၆၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဧပြီ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်အေး

ဒုတိယခရိုင်တရားသူကြီး(၁)

မိတ္ထီလာခရိုင်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
ပါရဂူ (Ph.D) သင်တန်းသားများ ခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။

(ဂ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(ဃ) ၂၀၀၈ခုနှစ် ဇွန်လ ၁ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။ အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ (သို့)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။ ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းဖြစ်သော်လည်း ဆရာ၊ ဆရာမ မဟုတ်ပါက သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူ(သို့)ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသောနည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည်။

(စ) ပါရဂူဘွဲ့ကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်နိုင်သူ ဖြစ်ရမည်။

၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၃၀-၅-၂၀၀၈ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်။

(က) ၂-၆-၂၀၀၈ရက်(တနင်္လာနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ (သက်ဆိုင်ရာဘာသာရပ်)

(ခ) ၂-၆-၂၀၀၈ရက်(တနင်္လာနေ့) ၁၃း၀၀နာရီမှ ၁၆း၀၀နာရီအထိ(အင်္ဂလိပ်စာဘာသာရပ်)

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၉-၆-၂၀၀၈ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ် အချက်အလက်များကို ဘာသာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး (သင်တန်းရေးရာ) ဖုန်းနံပါတ်-၅၈၅၀၇၅၊ ၅၂၆၆၁၃ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။ **ဌာနမှူး(သင်တန်းရေးရာ)**

ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ဖျာပုံနှင့် ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့် ပြည်သူများအတွက် T.Home မိသားစုက ငွေလှူဒါန်း

ရန်ကုန် မေ ၂၂

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ထံ T.Home မိသားစုက ဖျာပုံမြို့နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ လေဘေးသင့် ပြည်သူများအတွက် ဆေးဝါး၊ ဆန်၊ ဆီ၊ အဝတ်အထည်၊ ဖိနပ်၊ ဆပ်ပြာနှင့် တာပေါ်လင် စသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)

တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ထုတ်ဝေသော ပုဏ္ဏဝတီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် မေ ၂၂

တောင်တွင်းကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပုဏ္ဏဝတီ မဂ္ဂဇင်းကို ထုတ်ဝေပြီဖြစ်ရာ မဂ္ဂဇင်းတွင် အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း၏ ခရီးစဉ်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် နာမည်ကြီး စာရေးဆရာကြီးများ၏ဝတ္ထုတို၁၂ပုဒ်၊ ဆောင်းပါး ၄၂ ပုဒ်၊ ကဗျာ ငါးပုဒ်၊ ကာတွန်းသုံးပုဒ်နှင့် ဟာသနှစ်ပုဒ်ပါရှိပြီး ရောင်းဈေးမှာ တစ်အုပ်ငွေကျပ်၁၇၀ဖြစ်ပြီး ဝယ်ယူဖတ်ရှုလိုသူများသည် ရန်ကုန်မြို့နယ်တွင် ဦးကျော်စိုး (မောင်ကျေးဖူး) ဖုန်း-၅၃၉၇၃၈၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဖုန်း-၇၀၀၈၂၀၊ တောင်တွင်းကြီးမြို့တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးတိုးမြင့် (တိုးကိုထွေး-ပညာရေး)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ရင် (ခင်မောင်ရင်-ပေလေးပင်) ဖုန်း-၀၆၃-၅၀၄၃၉ နှင့် မကွေးမြို့တွင် ဦးဝိုင်းမောင် (ရွှေမျိုးသာ စိုက်ပျိုးရေး ဆေးဆိုင်) ဖုန်း-၀၆၃-၂၂၂၁၇ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

(၁၁၃)

ထိုင်းနိုင်ငံ မဲခေါင်တက္ကသိုလ်၌ မေ ၁၂ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်သော စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းသို့ တက်ရောက်ရန် ဦးတင်မောင်ကြည်(ဒု-ညွှန်မှူး၊ နတလ)၊ ဦးအောင်နိုင်ဆွေ(လက်ထောက်ညွှန်မှူး၊ စစစ)၊ ဒေါ်မေယုလွင်(လက်ထောက်ညွှန်မှူး၊ဝန်ထမ်းရွေးချယ်/လေ့ကျင့်)နှင့် ဒေါ်ခင်စန်းယု(ကထိကဝန်ထမ်းရွေးချယ်/လေ့ကျင့်)တို့ မေ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း နှစ်ပတ်လည်ဂုဏ်ပြု

ကျိုက်ထို မေ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင်ဘုရားဖူးပြည်သူများ လွယ်လင့်တကူ ဖူးမြော်နိုင်စေရန် ပို့ဆောင်ပေးနေသော ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း၏ ၂၀၀၇-၂၀၀၈နှစ်ပတ်လည်ဂုဏ်ပြုပွဲ အခမ်းအနားကို မေ၄ရက် ညနေ ၆နာရီက အဆိုပါအသင်းရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးဝိတင်က အမှာစကားပြောကြားပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အကောင်းဆုံးဆု ပေးရခြင်း၏ ရည်ရွယ်ချက်ကို အသင်းကော်မတီဝင် (စာရင်းစစ်) ဦးဝမ်စိန်က ရှင်းလင်း၍ အထူးဂုဏ်ပြုဆု စက်ဆရာသုံးဦး၊ အကောင်းဆုံးယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၀ဦး၊ လူမှုထူးချွန်ဆုရသူ ၁၀ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကံစမ်းမဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ ၂၁လက်မ တီဗွီ သုံးလုံး၊ စက်ဘီး ငါးစီး၊ ဒီဗွီဒီစက် သုံးလုံး၊ ပန်ကာလေးလုံးတို့ကို မဲနှိုက်၍ ချီးမြှင့်ပေးပြီး ညပိုင်းတွင်ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် မောင်မေတ္တာနှင့်အဖွဲ့က တေးသံသာ၊ အငြိမ့်တို့ဖြင့် ညှော်ခံဖျော်ဖြေကြောင်း သိရသည်။ (က-ပ)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြည်တွင်းစွမ်းအားစုများဖြစ်သည့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည့် နာဂစ်လေဘေးကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နာဂစ်လေဘေးကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းနှင့် မော်လမြိုင်ကျွန်းမြို့တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ် **Mr. Dainiel B. Baker** နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကယ်ဆယ်ရေးစခန်း၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မုန်တိုင်းကျရောက်ခဲ့မှု အခြေအနေများနှင့် ဒေးဒရဲမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု၊ လေဘေးသင့်ဒေသများအားလုံးသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲစီမံမှုများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် စနစ်တကျစီစဉ်ဆောင်ရွက်နေမှုများနှင့် ပြည်တွင်းပြည်ပမှ ထောက်ပံ့ရေးပစ္စည်းများရရှိမှုနှင့် ဖြန့်ဝေပေးမှုတို့ကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ *

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးလေဘေးကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)